လစဉ်ခြုံငုံသုံးသပ်ချက်

# Monthly Overview

# မွန်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေများ

ဩဂုတ်လ ၂၀၂၄ ခုနှစ်

HURFOM

Human Right Foundation of Monland August 2024

# ခြုံငုံသုံးသပ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း အကျဉ်းချုပ်

## မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် မိုးရာသီကာလ ရေကြီးရေလျှံမှုများကြောင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝသည် ပိုမိုခက်ခဲကြပ်တည်းလာပြီး လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများကိုလည်း ကြုံတွေ့လာရသည်။

ဩဂုတ်လ ၂၀၂၄

### ရေကြီးရေလျှံမှုများ ကျေးရွာအနှံ့အပြားဖြစ်ပွားနေခြင်းကြောင့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ နှောင့်နှေးခဲ့သည်

နိုင်ငံအနှံ့အပြားတွင် ဖြစ်ပွားနေသည့် စစ်ကောင်စီ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ပြည်သူများသည် ဒုက္ခမျိုးစုံကို ခါးစည်းခံစားနေရသည်။ မိုးရာသီတွင် ကျရောက်တတ်သည့် ရေကြီးရေလျှံခြင်းကဲ့သို့သော သဘာဝဘေးများကလည်း အဆိုပါဒုက္ခများကို မည်ကဲ့သို့ **"တစ်ပူပေါ် နှစ်ပူဆင့်"** ပိုမိုဆိုးရွားစေသည်ကို မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ပြီးခဲ့သည့်လတွင် အစီရင်ခံတင်ပြခဲ့ပြီး ဖြစ်သည်။

ငွေကြေးအဆမတန်ဖောင်းပွလာခြင်းနှင့် လူမှုရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် လက်လှမ်းမမီမှု များ ဖြစ်ပွားလာခြင်းတို့ကြောင့် သန်းပေါင်းများစွာသောပြည်သူတို့သည် အသက်ရှင်ရန်အတွက် ရုန်းကန်နေကြရသည်။ ရေကြီးရေလျှံမှုများကြောင့် ကားလမ်းများ ရေနစ်မြုပ်ခဲ့ပြီး စားနပ်ရိက္ခာ၊ သောက်သုံးရေနှင့် ဆေးဝါးများ၏ ကုန်သွယ်ရေးလမ်းကြောင်းများ ပြတ်တောက်ခဲ့သည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ စီမံကိန်းဧရိယာဖြစ်သည့် မွန်၊ ကရင်နှင့် တနင်္သာရီဒေသ များ၏ လူဦးရေ ထက်ဝက်ကျော်သည် ရေဘေးအန္တရာယ်ကို ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။

ဇူလိုင်လ (၂၄) ရက်နေ့မှစ၍ မွန်ပြည်နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းနေပြီး မော်လမြိုင်၊ သံဖြူဇရပ်၊ ချောင်းဆုံ၊ ကျိုက်မရော၊ မုဒုံနှင့် ရေးမြို့နယ်များတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။ မြေနိမ့်ဒေသများနှင့် မြစ်ကမ်းနံဘေးရှိ ကျေးရွာများ ရေနစ်မြုပ်ခဲ့ပြီး ကျေးရွာ (၁၀၀) ဝန်းကျင်ခန့် ရေဘေးသင့်ခဲ့သည်။

ရေကြီးရေလျှံမှုကြောင့် လူ (၁၄) ဦးခန့် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ရေမှတဆင့် ကူးစက်တတ်သည့် ရောဂါများကို ထိန်းချုပ်ရန် ခက်ခဲခဲ့သည်။ ကျောင်းရွာကျေးရွာတွင်လည်း ရေကြီးရေလျှံမှု ဖြစ်ပွား ခဲ့ပြီး ဇူလိုင်လ (၂၈) ရက်နေ့ နံနက် (၆) နာရီ၌ အမြင့် (၁၆) ပေအထိ ရေကြီးခဲ့သည်။

**"ကျောင်းရွာနဲ့ မော့ကနင် အနိမ့်ပိုင်းတွေတော့ ရေမြုပ်သွားပြီ။ တချို့နေရာဆို လှေနဲ့ပဲ သွားလာလို့ ရတော့တယ်"** ဟု မော့ကနင်ဒေသခံတစ်ဦးက ပြောသည်။

ရေဘေးသင့်ကျေးရွာများကို ကူညီရန် ကူညီကယ်ဆယ်ရေးအသင်းများ၌ လှေများနှင့် အရေးကြီး ထောက်ပံ့ပစ္စည်းများ ရှားပါးပြတ်လပ်နေချိန်တွင် စစ်ကောင်စီက ရေဘေးသင့်ပြည်သူများကို မည်သည့်ကူညီထောက်ပံ့မှုကိုမျှ ပေးအပ်ခြင်းမရှိချေ။ စစ်ကောင်စီက စစ်ကြောင်းထိုးနေသဖြင့် သွားလာရေးအတွက် အဓိကကျသည့် လမ်းများကိုပင် ပိတ်ပင်ခဲ့သည်။

ဘီးလင်း၊ သထုံ၊ ပေါင်၊ မုဒုံ၊ သံဖြူဇရပ်နှင့် ရေးမြို့နယ်များရှိ ရန်ကုန်-ထားဝယ် ကားလမ်းမကြီးများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည်။ ကားလမ်းနစ်မြုပ်နေသဖြင့် စားနပ်ရိက္ခာများနှင့် အရေးပေါ်ဆေးဝါးများ သယ်ယူပို့ဆောင်၍ မရတော့ချေ။ ဘီလင်း-ကျိုက်ကော် လမ်းသည်လည်း ရေကြီးရေလျှံမှုကြောင့် လမ်းခေတ္တပိတ်ပင်ခဲ့ရသည်အထိ ဆိုးရွားခဲ့သည်။

## ဩဂုတ်လ ၂၀၂၄

ဘီးလင်းမှ ရေးမြို့နယ်အထိ ရေဘေးသင့်ပြည်သူ (၂,၀၀၀) ကျော်သည် ကယ်ဆယ်ရေးစခန်း များတွင် သွားရောက်ခိုလှုံခဲ့ရသည်။ သို့သော် အဆိုပါရေဘေး သင့်ပြည်သူများကို ပိုမိုလုံခြုံစိတ်ချ သည့်နေရာများသို့ ပို့ဆောင်ပေးခဲ့ကြောင်း လူမှုဝန်ထမ်းကယ်ဆယ်ရေး အရာရှိများက ပြောသည်။

ဇူလိုင်လ (၂၇) ရက်နေ့တွင် ဘီးလင်းနှင့် သံလွင်မြစ် ရေသည် စိုးရိမ်ရေမှတ်ကို ကျော်လွန်မည် ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

ဇူလိုင်လ (၂၁) ရက်နေ့တွင် မွန်ပြည်နယ် ပေါင်မြို့နယ် ဆင်ရွာရေတံခွန်တွင် အသက် (၁၅) နှစ်အရွယ် မိန်းကလေး ငယ်တစ်ဦး ရေနစ်သေဆုံးခဲ့သည်။ မိုးသည်းထန်စွာ ရွာသွန်းနေမှုကြောင့် ရေစီးသန်နေခြင်းက ထိုကဲ့သို့သော မတော်တဆမှုကို ဖြစ်ပွားစေခဲ့ခြင်း ဖြစ်သည်။

ရေကြီးရေလျှံမှုကြောင့် နောက်ထပ်အသက်ဆုံးရှုံးသွားရ သူများလည်း ရှိနေသည်။ ကရင်ပြည်နယ် အရှေ့ပိုင်းနှင့် တောင်ပိုင်းဒေသများတွင် ရေကြီးရေလျှံမှုကြောင့် ကလေး ငယ်များအပါအဝင် အနည်းဆုံး လူ (၅) ဦး သေဆုံးခဲ့ရ သည်။ (၃) ဦးမှာ ပျောက်ဆုံးနေသည်။

ဇူလိုင်လ (၂၆) နှင့် (၂၇) ရက်နေ့များတွင် မြဝတီမြို့နယ်၌ ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့ပြီး အသက် (၃) နှစ်အရွယ် ကလေးငယ်တစ်ဦးနှင့် လူကြီး (၃) ဦး ရေစီးနှင့်မျောပါပြီး အသက်သေဆုံးခဲ့ရသည်။ ဘားအံတွင်လည်း လူကြီး (၁) ဦး သေဆုံးပြီး (၂) ဦး ပျောက်ဆုံးနေသည်။

မိုးရာသီရေကြီးရေလျှံမှုက ပြည်သူများ၏ ကျန်းမာရေးကို လည်း ထိခိုက်စေသည်။ ဖျားနာမှုများနှင့် အာဟာရချို့တဲ့မှု များ ပြင်းထန်စွာဖြစ်ပွားနေသည်။

၂၀၂၄ ဇူလိုင်လမှစ၍ တနင်္သာရီတိုင်း ပုလောမြို့နယ် ရှိ စစ်ဘေးရှောင်စခန်း (၃) ခုတွင် ဝမ်းပျက်ဝမ်းလျှော ရောဂါများ ပြင်းထန်စွာဖြစ်ပွားနေသည်။ ဆေးဝါး များ အရေးတကြီး လိုအပ်နေ သည်။

မြန်မာနိုင်ငံတောင်ပိုင်း တနင်္သာရီမြို့နယ်တွင် ရေကြီး ရေလျှံမှု ဆိုးရွားစွာဖြစ်ပွားနေခြင်းကြောင့် ကျေးရွာ (၁၄) ရွာကျော် ရေနစ်မြုပ်ခဲ့သည်။

ဇူလိုင်လကုန်မှစ၍ တနင်္သာရီမြစ်တွင် မြစ်ရေတိုးလာသဖြင့် စစ်ဘေးရှောင်ပြည်သူများနှင့် မြေနိမ့်ပိုင်းရှိ ဒေသခံပြည်သူများ ကို အရေးပေါ်ပြောင်းရွှေ့ခဲ့ရသည်။ သို့သော် ယာယီနေရာ ထိုင်ခင်းများသည် ခိုင်ခံ့မှုမရှိဘဲ အမိုးအကာများလည်း မလုံခြုံ ကြောင်း စစ်ရှောင်များကို ကူညီပေးနေသူတစ်ဦးက ပြောသည်။

တိုက်ပွဲများကလည်း ဆက်လက်ပြင်းထန်နေသဖြင့် စစ်ရှောင်ပြီး ရင်း ရှောင်နေရသည့် ပြည်သူများမှာလည်း နေရပ်မပြန်နိုင်သေး ချေ။ သန့်ရှင်းသည့်သောက်သုံးရေ မရရှိခြင်း၊ အညစ်အကြေး စွန့်ပစ်မှုစနစ် ကောင်းမွန်မှုမရှိခြင်းနှင့် သင့်လျော်သည့် နေထိုင်မှုပုံစံ မရှိခြင်း တို့ကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါ များ ဆိုးဆိုးရွားရွားဖြစ်ပွားနေသည်။

ပုလောမြို့နယ်ရှိ စစ်ဘေးရှောင်ပြည်သူ (၁,၅၀၀) ကျော်သည် ယခုမိုးရာသီတွင် ဝမ်းပျက်ဝမ်းလျှော ရောဂါ ကို ခံစားနေရသည်။ တိုက်ပွဲနှင့် ရာသီအလိုက်ဖြစ်ပွား သည့်ရောဂါများကို ရင်ဆိုင်နေရသည့် အပြင် ဆေးဝါး အချိန်မီမရရှိနိုင်သည့် အခြေအနေနှင့်လည်း ကြုံတွေ့နေ ရသည်။

မေနှင့်ဇွန်လများတွင်လည်း ပုလောမြို့နယ်ရှိ စစ်ဘေး ရှောင်ပြည်သူများအားလုံးနီးပါးသည် ငှက်ဖျားရောဂါကို ခံစားခဲ့ရသည်။ ထိုအချိန်တွင်လည်း ဆေးဝါးပြတ်လပ် မှုများဖြစ်ပေါ်ခဲ့သည်။ လက်နက်ကိုင်ပဋိပက္ခများ ပိုမိုပြင်းထန်လာသဖြင့် အဆိုပါဒေသများရှိ လူနေမှု အခြေအနေသည် ဆိုးရွားသည်ထက် ဆိုးရွားလာခဲ့သည်။

ဇွန်လတွင် တိုက်ပွဲနှင့် လေကြောင်းတိုက်ခိုက်မှုများကြောင့် တနင်္သာရီဒေသမှ ပြည်သူ (၅၀,၀၀၀) ကျော်သည် အိုးအိမ် စွန့်ခွာထွက်ပြေးနေရသည်။ ၎င်းအနက် စစ်ဘေးရှောင်ပြည် သူ (၂၀,၀၀၀) ကျော်သည် မြိတ်ခရိုင် ပုလောနှင့် တနင်္သာရီ မြို့နယ်များမှ ဖြစ်သည်။

အဆိုပါအခြေအနေများကြောင့် လူသားချင်းစာနာထောက်ထားမှုအကြပ်အတည်းများ ဖြစ်ပေါ်နေ ပြီး စစ်ရှောင်စခန်းများတွင်ဖြစ်ပွားနေသည့် ကျန်းမာရေး အခက်အခဲများကို ဖြေရှင်းနိုင်ရန်အတွက် ဆေးဝါးနှင့် ရိက္ခာထောက်ပံ့မှုများ များစွာလိုအပ်နေသည်။

## "စစ်မှုထမ်းမနေရဥပဒေ" က လူမှုအသိုင်းအဝိုင်းတွင် ရိုက်ခတ်မှုများ ဖြစ်ပေါ်စေသည်

တော်လှန်ရေးအင်အားစုများနှင့် ဖြစ်ပွားနေသည့် တိုက်ပွဲများတွင် စစ်သားသေဆုံးမှုများ များပြားလာချိန်၊ စစ်ကောင်စီက စစ်ရေးအရ ရှုံးနိမ့်လာချိန်နှင့် စီးပွားရေး ကျဆင်းမှု ပိုမိုဆိုးရွား လာချိန်တွင် **"ပြည်သူ့စစ်မှုထမ်း ဥပဒေ"** ကို စစ်ကောင်စီက ဖေဖော်ဝါရီလတွင် အသက်သွင်း ကြေညာခဲ့သည်။ အဆိုပါဥပဒေပြဋ္ဌာန်းပြီးနောက် ပထမဆုံးအကြိမ် အသက်သွင်းလာခြင်းလည်း ဖြစ်သည်။ ဥပဒေကို အသက်သွင်းလိုက်ခြင်းကြောင့် ပဋိပက္ခနှင့် ဆင်းရဲမွဲတေမှုများ ပိုမိုကျယ်ပြန့် လာမည်ဖြစ်သည်။

စစ်မှုထမ်းရမည်ကို ကြောက်ရွံ့သဖြင့် လူငယ်လူရွယ် အမျိုးသားများနှင့် အမျိုးသမီးများသည် အိမ်နီးချင်းနိုင်ငံများသို့ ထွက်ပြေးခိုလှုံသွားကြသည်။ သို့သော် ထိုင်းနိုင်ငံကဲ့သို့သော အိမ်နီးချင်း နိုင်ငံများက မြန်မာနိုင်ငံသားများ ဝင်ရောက်လာမှုကို ပိုမိုတင်းကြပ်စွာ စစ်ဆေးလာခဲ့သည်။

မြန်မာနိုင်ငံတွင်ကျန်ရစ်ခဲ့သူများအနေဖြင့်လည်း စစ်ကောင်စီ၏ တားမြစ်ခြင်းကို ကြုံတွေ့နေ ရသည်။ အသက် (၂၃) နှင့် (၃၅) နှစ်ကြားရှိ လူငယ်များကို ပြည်ပထွက်ခွာခွင့် ပိတ်ပင်လိုက်သည်။ "မတရားစစ်မှုထမ်း ဥပဒေ" ကို အသက်သွင်းရန်အတွက် အမျိုးသားများ အားလုံး ပြည်ပထွက်အလုပ် လုပ်ခွင့်ကို စစ်ကောင်စီက မေလတွင် တားမြစ်ခဲ့သည်။

ဩဂုတ်လ ပထမအပတ်တွင် စစ်ကောင်စီက တစ်အိမ်တက်တစ်အိမ်ဆင်း စစ်ဆေးပြီး စစ်မှုထမ်း စာရင်းတွင် ပါဝင်သူများကို ဖမ်းဆီးနေသည်။

**"စစ်သားတွေက လူတွေကို စုလိုက်ပြီးတော့ သူတို့ဟာ စစ်မှုထမ်းစာရင်းမှာပါတဲ့သူတွေလို့ ပြောတယ်။ ကျွန်တော့်ဘက်မှာတော့ (၄) ယောက် ခေါ်သွားပြီ။ ဒါပေမဲ့ နောက်ထပ်လာဖမ်းတဲ့အချိန်မှာတော့ တစ်ယောက်မှ မရှိတော့ဘူး။ အကုန်လုံး ထွက်ပြေးသွားကြပြီ"** ဟု ကျိုက်ထို ဒေသခံတစ်ဦးက ပြောသည်။

စစ်ကောင်စီတပ်ဖွဲ့ဝင်များက ကျိုက်ထိုနှင့် အနီးအနား ကျေးရွာ (၆) ရွာမှ လူငယ်များကို နာမည်စာရင်း အတိအကျဖြင့် လိုက်လံရှာဖွေနေသည်။

အကျိုးဆက်အားဖြင့် လူငယ်အများအပြားသည် သထုံ ခရိုင်ကရင်အမျိုးသားအစည်းအရုံး ထိန်းချုပ်နယ်မြေ သို့မဟုတ် ထိုင်းနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်သွားကြ သည်။ တချို့မှာ ပင်လယ်သို့ထွက်ခွာသွားပြီး ပြန်မလာ ကြတော့ချေ။

**"ရွာမှာ လူငယ်တစ်ယောက်မှ မရှိတော့ဘူး။ တချို့က KNU ထဲ ဝင်သွားတယ်။ တချို့က ထိုင်းဘက်ကို ပြေးသွားတယ်။ တစ်ချို့က ပင်လယ်ထွက်သွားပြီး ပြန်မလာကြတော့ဘူး"** ဟု အခြားကျိုက်ထိုဒေသခံတစ်ဦးက ပြောသည်။

ယခုကဲ့သို့ရှုပ်ထွေးနေသည့်အခြေအနေတွင် စစ်ကောင်စီက စစ်မှုထမ်းရှောင်လွှဲလိုသည့်သူများကို လူစားထိုးရန်အတွက် တစ်ဦးလျှင် ငွေကျပ်သိန်း (၄၀) မှ (၆၀) အထိ တောင်းခံနေသည်။

လွတ်လပ်သောသုတေသနအဖွဲ့တစ်ခုဖြစ်သည့် ရာမညဖက်ဒရယ်အင်အားစုသစ်၏ ထုတ်ပြန်ချက် အရ စစ်မှုထမ်းအပတ်စဉ် (၁) မှ အပတ်စဉ် (၄) အတွင်း မွန်ပြည်နယ်မှ လူငယ်လူရွယ် စုစုပေါင်း (၁,၀၀၀) ကျော် စုဆောင်းခံခဲ့ရကြောင်း သိရသည်။

ကျိုက်ထိုမြို့နယ်ရှိ လူငယ်လူရွယ်များသည်လည်း အလားတူအခက်အခဲများကို ရင်ဆိုင်ကြုံတွေ့ နေရပြီး စစ်ကောင်စီအတွက် တိုက်ခိုက်ပေးရန် ဖိအားပေးခံရ

ခြင်းကို ရှောင်လွှဲနိုင်ရန် ကြိုးစားနေ ကြသည်။

၂၀၂၄ ဇူလိုင်လနှောင်းပိုင်းတွင် မွန်ပြည်နယ်ရေးမြို့နယ် မေ့ကနင်ကျေးရွာ၌ အိမ်ထောင်စုစာရင်း များကို စစ်ကောင်စီတပ်က လိုက်လံစစ်ဆေးခဲ့သည်။ လူငယ် လူရွယ်များကို တွေ့ရှိပါက ခတ်ပုံရိုက် ကာ မှတ်တမ်း ယူသွားသည်။

ကော့စွယ်ရပ်ကွက်တွင် ညဘက်တွင် တစ်အိမ်တစ်အိမ် ဆင်းစစ်ဆေးမှုကို ညစဉ်ညတိုင်း ပြုလုပ်နေ သည်။ အသက် (၁၈) နှစ်နှင့်အထက် လူငယ်များကို တွေ့ရှိပါက ခတ်ပုံရိုက်ယူသွားကြောင်း ဒေသခံ လူငယ်တစ်ဦးက မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းကို ပြောသည်။

**"နေ့တိုင်းပဲ ညနေ (၅) နာရီဆို စစ်ဆေးရေးစပြီ။ အိမ်တိုင်းကို စစ်တာ။ (၁၈) နှစ်နဲ့အထက် လူငယ်တွေကို တွေ့ရင် ခတ်ပုံရိုက် မှတ်တမ်းယူတယ်။ ဘာလို့ ခတ်ပုံ ရိုက်တာလဲ မေးတော့ သူတို့ မှတ်တမ်းယူရမယ် ပြော တယ်။ ဘာမှတ်တမ်းလဲဆိုတာ ကျွန်မတို့လည်း နားမ လည်ဘူး"** စု ကော့စွယ်ရပ်ကွက်မှ အမျိုးသမီးငယ်တစ် ဦးက ပြောသည်။

ရေးမြို့နယ်ရှိ အချို့ကျေးရွာများတွင် အုပ်ချုပ်ရေး မှူးက သန်းခေါင်စာရင်းများကို အိမ်နံပါတ်နှင့် တကွ အုပ်ချုပ်ရေးမှူးရုံးသို့ လာရောက်ပို့ဆောင်ထားရမည် ဟု ညွှန်ကြားနေသည်။ ပေးပို့ရသည့် အကြောင်းရင်းကို ရှင်းလင်းတိကျစွာ ပြောဆိုခြင်းမရှိသဖြင့် မည်သူတစ်ဦး တစ်ယောက်မျှ လိုက်နာခြင်း မရှိချေ။

မွန်ပြည်နယ်တွင် မော်လမြိုင်၊ ချောင်းဆုံ၊ သံဖြူဇရပ်၊ ကျိုက်ထိုနှင့် သထုံမြို့နယ်များရှိ ဒေသခံ ပြည်သူများကို စစ်မှုထမ်းသင်တန်းသားများကို ထောက်ပံ့ရန်အတွက် ဟုဆိုကာ စစ်ကောင်စီက လစဉ် ငွေကြေးထည့်ဝင်ခိုင်း နေသည်။

ဩဂုတ်လ (၁၇) ရက်နေ့တွင် မော်လမြိုင်မြို့ မြိုင်သာယာ၊ ကျွဲကုန်း၊ ဖက်ခင်း၊ ဈေးကြိုနှင့် တောင်ဝိုင်း ရပ်ကွက်များရှိ အုပ်ချုပ်ရေးမှူးများက အဆိုပါငွေကြေး များကို တက်ကြွစွာ လိုက်လံ ကောက်ခံနေသည်။

"ပြည်သူ့စစ်မှုထမ်းဥပဒေ" တွင် ဖော်ပြထားခြင်းမရှိ သော်လည်း နေရာဒေသအပေါ်မူတည်၍ ဒေသခံပြည် သူများမှာ အိမ်ထောင်စုတစ်ခုလျှင် ငွေကျပ် (၅,၀၀၀) မှ (၂၀,၀၀၀) အထိ ပေးဆောင် နေရသည်။ တရားမ ဝင်သည့်အပြင် ဆက်ကြေးကောက်ခံသည့်သဘောမျိုး သက်ရောက်နေသဖြင့် ပြည်သူလူထုအကြား ဝေဖန်မှုမြင့် တက်လျက်ရှိသည်။

အဆိုပါငွေကြေးများကို စစ်မှုထမ်းရမည့်သူများ၏ မိသားစုဝင်များကို ထောက်ပံ့မည်ဟု ပြောဆို ထားသော်လည်း ငွေကြေးကို ကောက်ခံမှုကို မည်သူက ကြီးကြပ်မည်၊ ငွေကြေးများကို မည်ကဲ့သို့ စီမံသုံးစွဲမည် ကို ရှင်းရှင်းလင်းလင်း မသိရချေ။

ဒေသခံပြည်သူတို့ သဘောတူညီမှုမပါသည့် ငွေကြေး တောင်းခံမှုဖြစ်သည့်အပြင် ပွင့်လင်းမြင်သာမှုလည်း မရှိသဖြင့် အဖမ်းခံရမည်ကို ကြောက်ရွံ့၍သာ ငွေကြေး များကို ပေးဆောင်နေခြင်း ဖြစ်သည်။ ဥပဒေရေးရာ ကျွမ်းကျင်သူတစ်ဦးက အဆိုပါငွေကြေးတောင်းခံမှုသည် တရားဥပဒေက ခွင့်ပြု ထားခြင်းမရှိသဖြင့် ငွေကြေး အတင်းအဓမ္မတောင်းခံခြင်း သို့မဟုတ် ငွေညှစ်ခြင်းသာ ဖြစ်သည်ဟု မှတ်ချက်ပြုသည်။

ငွေကြေးအဆမတန်ဖောင်းပွလာသည့်အပြင် စီးပွားရေး လည်း ကြပ်တည်းလာသဖြင့် အလုပ်လက်မဲ့အမျိုးသား အချို့သည် စစ်မှုထမ်းသင်တန်းကို အစားထိုး တက်ရောက်သူအဖြစ် လုပ်ကိုင်လာကြသည်။ အစားထိုး မှုအတွက် တစ်ဦးလျှင် ငွေကျပ်သိန်း (၃၀) မှ (၅၀) အထိ လက်ခံရရှိသည်။

စီးပွားရေးအကြပ်အတည်းကို ရင်ဆိုင်နေရသည့်ပြည်သူများအတွက်မူ အဆိုပါငွေကြေး တရားမဝင် တောင်းခံခြင်းကို ကြိမ်ဖန်များစွာကြုံတွေ့နေရခြင်းသည် ဝန်ထုပ်ဝန်ပိုးတစ်ခု ဖြစ်လာသည်။

အလားတူပင် ချောင်းဆုံမြို့နယ်မှ စစ်ကောင်စီတပ်ဖွဲ့ဝင်များသည် စစ်မှုထမ်းသင်တန်းသားများကို ထောက်ပံ့ရန်အတွက်ဟုဆိုကာ ကျေးရွာများတွင် လစဉ်ကြေးများ ကောက်ခံနေသည်။

မေလမှစ၍ ချောင်းဆုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းနိုင်က ကျေးရွာတစ်ရွာတွင် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် (၁၀,၀၀၀) လစဉ် ပေးဆောင်ရမည်ဖြစ်ကြောင်း ညွှန်ကြားခဲ့သည်။ အဆိုပါငွေကြေးဖြင့် စစ်မှုထမ်းသင်တန်းသားများ ကို ထောက်ပံ့မည်ဟု ဆိုသည်။

ကျေးရွာအားလုံး ပေးဆောင်နေရသည် မဟုတ်သော်လည်း အချို့ကျေးရွာများသည် စစ်ကောင်စီ၏ ဖိအားပေးမှုကြောင့် လွန်ခဲ့သည့် (၃) လကတည်းကပင် အဆိုပါငွေကြေးများကို ပေးဆောင်နေရပြီး ဖြစ်သည်ဟု သိရသည်။ ချောင်းဆုံမြို့နယ်တွင် စစ်မှုထမ်းသင်တန်းသား အရေအတွက် များပြားနေ သဖြင့် ငွေကြေးပေးဆောင်နေရသည့်အခြေအနေသည် ဆိုးရွားလျက်ရှိနေသည်။

အချို့ကျေးရွာများတွင် အသက် (၁၈) နှစ်နှင့်အထက် လူငယ်များရှိသည့် အိမ်ထောင်စုတွင် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် (၈,၀၀၀) မှ ကျပ် (၁၀,၀၀၀) အထိ လစဉ် ပေးဆောင်နေရပြီ ဖြစ်သည်။ အဆိုပါငွေကြေးဖြင့် စစ်မှုထမ်းတွက် အစားထိုးသင်တန်းသားများကို ငှားရမ်းမည်ဖြစ်ပြီး ရွှေ့ပြောင်းလုပ်သားများနှင့် ဆင်းရဲနွမ်းပါးသူများကို ပစ်မှတ်ထားငှားရမ်းမည် ဖြစ်သည်။

မော်လမြိုင်အခြေစိုက် အရှေ့တောင်တိုင်းစစ်ဌာနချုပ်တွင်လည်း စစ်မှုထမ်းသင်တန်း အပတ်စဉ် (၄) အတွက် သင်တန်းသား (၁၀၀) ကျော်ကို စုဆောင်းထိန်းသိမ်းထားပြီး ဖြစ်သည်။ အပတ်စဉ် (၂) သင်တန်းဆင်းသူများကို ဇူလိုင်လနှောင်းပိုင်းတွင် တနင်္သာရီဒေသရှိ ရှေ့တန်းစစ်မျက်နှာပြင်သို့ ပို့ဆောင်လိုက်သည်။

၂၀၂၄ မေလတွင် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက **"အတင်းအကြပ် စစ်တိုက်ခိုင်းခြင်း"** ဟူသည့် အစီရင်ခံစာတစ်စောင်ကို ထုတ်ဝေခဲ့သည်။ စစ်မှုထမ်းဥပဒေကို အတင်းအကြပ်ပြဋ္ဌာန်း ခြင်းကြောင့် ၂၀၂၄ ဖေဖော်ဝါရီလမှ မေလအတွင်း မြန်မာနိုင်ငံအရှေ့တောင်ပိုင်း မွန်၊ ကရင်နှင့် တနင်္သာရီဒေသများရှိ လူ့အသိုင်းအဝိုင်းတွင် မည်ကဲ့သို့သော အကျိုးဆက်များ ဖြစ်ပေါ်နေသည်ကို သုံးသပ်တင်ပြထားသည်။

### စစ်ကောင်စီက ၎င်းတို့ကို နိုင်ငံရေးအရ ဆန့်ကျင်သူများကို ပစ်မှတ်ထားနေသည်

ပြည်သူများအကြား အကြောက်တရားနှင့် မသေချာမရေရာမှုများကို ရိုက်သွင်းခြင်းဖြင့် တော်လှန်ရေးလှုပ်ရှားမှုများကို ပြည်သူများက ကူညီထောက်ပံ့မှု လျော့ကျလာအောင် စစ်ကောင်စီ က အချိန်ယူကာ မဟာဗျူဟာချမှတ်ထားသည်။ အဆိုပါမဟာဗျူဟာတွင် နိုင်ငံရေးတက်ကြွလှုပ်ရှား သူများကို ပစ်မှတ်ထားခြင်းလည်း ပါဝင်သည်။ နိုင်ငံရေးကြောင့် ဖမ်းဆီးထောင်ချမှုများရှိနေခြင်း သည် အကြမ်းဖက်မှုများထက် ဒီမိုကရေစီလှုပ်ရှားမှုကို စစ်ကောင်စီက ပိုမိုကြောက်ရွံ့နေကြောင်း ထင်ဟပ်ချက်တစ်ခု ဖြစ်သည်။

ဩဂုတ်လ (၁) ရက်နေ့တွင် မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ ကျိုက်ကော်ရပ်ကွက်ရှိ ဦးအေးစိုး၏နေအိမ်ကို စစ်ကောင်စီ၏ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့က ချိပ်ပိတ်ခဲ့သည်။ ပြီးခဲ့သည့် ဇူလိုင်လလယ်တွင် ၎င်းကိုဖမ်းဆီးခဲ့ပြီးနောက် နောက်ဆက်တွဲအရေးယူမှု ဖြစ်သည်။

ဦးအေးစိုးသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစိုးရလက်ထက်တွင် အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး စစ်ကောင်စီလက်ထက်တွင်လည်း ဆက်လက်တာဝန်ယူနေသူ ဖြစ်သည်။ ၎င်းသည် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်တစ်ယောက် ဖြစ်သည်ဟု

စစ်ကောင်စီက စွပ်စွဲပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေဖြင့် တရားစွဲဆိုခဲ့သည်။ ၎င်းကို လက်ရှိတွင် သထုံ အကျဉ်းထောင်တွင် ထိန်းသိမ်းထားသည်။

၎င်းပြင် ဦးအေးစိုးနှင့်ဆက်နွယ်သည်ဟုဆိုကာ သထုံမြို့နှင့် သိမ်ဆိပ်ကျေးရွာမှ ဒေသခံပြည်သူ အနည်းဆုံး (၇) ဦးကို ဖမ်းဆီးစစ်ဆေးနေသည်။ မအောင်မြင်သည့် အာဏာသိမ်းမှုနောက်ပိုင်း သထုံမြို့နယ်မှ လွှတ်တော်အမတ်များနှင့် တက်ကြွလှုပ်ရှားသူများ၏နေအိမ် အနည်းဆုံး (၁၅) လုံးကို စစ်ကောင်စီက ချိပ်ပိတ်ခဲ့ပြီး ဖြစ်သည်။

ဩဂုတ်လ (၁၅) ရက်နေ့တွင် မွန်ပြည်နယ် သထုံမြို့အနီးရှိ လိပ်အင်းကျေးရွာမှ ကိုချစ်နိုင်လင်း၏နေအိမ်ကို စစ်ကောင်စီက ချိပ်ပိတ်ပြီး ၎င်း၏ပိုင်ဆိုင်မှုများကို သိမ်းယူခဲ့သည်။ ကိုချစ်နိုင်လင်းသည် NLD ပါတီဝင်တစ်ဦး ဖြစ်ပြီး ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ကို ထောက်ပံ့သည်ဟု စစ်ကောင်စီက စွပ်စွဲကာ ဇူလိုင်လ (၁၀) ရက်နေ့တွင် ဖမ်းဆီးခဲ့သည်။

၎င်းကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၀(ည) နှင့် ၅၂ တို့ဖြင့် တရားစွဲဆိုထားကြောင်း သတင်းရင်းမြစ်များက ပြောဆိုသည်။ ကိုချစ်နိုင်လင်းသည် လွှတ်တော်အမတ် ဦးအောင်ကျော်သူ၏ ညီ ဖြစ်သည်။

### လူနေကျေးရွာများကို ပစ်မှတ်ထားကာ ရမ်းသမ်းပစ်ခတ်ခြင်းနှင့် ဗုံးကြဲခြင်းများ ပြုလုပ်နေသည်

လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများ ဆက်လက်လုပ်ဆောင်နေသဖြင့် အရပ်သားပြည်သူ များ၏ လုံခြုံရေးသည် ဆက်လက်ဆိုးရွားနေသည်။ ဇူလိုင်လ (၂၈) ရက်နေ့တွင် မွန်ပြည်နယ် ရေးမြို့နယ် ဘေးလမိုင်းကျေးရွာကို စစ်ကောင်စီက စစ်ကြောင်းထိုးဝင်ရောက်ခဲ့ပြီး လက်နက်ကြီး များ ပစ်ခတ်ကာ လိမ္မော်ခြံကျေးရွာအနီးတွင် ယာယီစခန်းချတပ်စွဲခဲ့သည်။ ညနေ (၄) နာရီတွင် အောင်သာယာကျေးရွာကို လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အသက် (၈၅) နှစ်အရွယ် အဘွားအိုဖြစ်သူ ဒေါ်ရင်မေသည် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

နောက်တစ်နေ့ နေ့လည်ပိုင်းအချိန်တွင် စစ်ကောင်စီတပ်၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် လိမ္မော်ခြံကျေးရွာမှ အသက် (၃၉) နှစ်အရွယ် ကိုစိုးမိုး ထိခိုက်ဒဏ်ရာရရှိခဲ့ပြန်သည်။ နောက် (၁၀) မိနစ်အကြာတွင် စစ်ကောင်စီတပ်က စစ်ကြောင်းထိုးဝင်ရောက်လာပြီး ဒေသခံရွာသားများ၏ သက်သေခံကဒ်ပြားများကို စစ်ဆေးကာ နေအိမ်များကို မွှေနှောက်ရှာဖွေခဲ့သည်။

တော်လှန်ရေးအင်အားစုများ ထိန်းချုပ်ထားသည့် သံဖြူဇရပ်-ရေး-ထားဝယ် အမှတ် (၈) လမ်းမကြီးတလျှောက်တွင် ထိတွေ့မှုများ မကြာခဏဖြစ်ပွားနေသည်။ ခြုံခိုတိုက်ခိုက်ခြင်း၊ စစ်ကောင်စီစစ်ကြောင်းနှင့် တပ်စခန်းများကို ဝင်တိုက်ခြင်းကြောင့် တိုက်ပွဲများ ဖြစ်ပွားနေသည်။

စစ်ရေးတင်းမာနေခြင်းကြောင့် ဩဂုတ်လ (၅) ရက်နေ့မှစ၍ ရေး-သံဖြူဇရပ်ကားလမ်းပိုင်းကို ညနေ (၆) နာရီမှ မနက် (၆) နာရီအတွင်း အသုံးပြုသွားလာခြင်း မပြုကြရန် တော်လှန်ရေး အင်အားစုများက သတိပေးထားသည်။

ကလေးသူငယ်များသည် လက်နက်ကိုင်ပဋိပက္ခ၏ မြေစာပင်များ ဖြစ်နေဆဲဖြစ်သည်။ ဩဂုတ်လ (၁၅) ရက်နေ့တွင် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ပျားကုန်းနှင့် ရဲတံခွန်ရွာသစ်တွင် တိုက်ပွဲဖြစ်ပွားခဲ့ပြီး ဒေသခံအမျိုးသား (၁) ဦး သေဆုံးကာ ကလေး (၃) ယောက်အပါအဝင် (၅) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ယခုလလယ်တွင် တောင်ကလေးနှင့် ရွှေအင်တုံကျေးရွာကို စစ်ကြောင်းထိုးစဉ် ရွာသား (၂) ဦး အသတ်ခံရပြီး (၅) ဦးမှာ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

မစောတံတားတွင် တပ်စွဲထားသည့် စစ်ကောင်စီတပ်ဖွဲ့ဝင်များကို ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ ပူးပေါင်းတပ်တို့ တိုက်ခိုက်ပြီးနောက် ညနေ (၅) နာရီခန့်တွင် စစ်ကောင်စီက ပြန်လည်တုံ့ပြန်တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

စစ်ကောင်စီတပ်က တောင်ကလေးကျေးရွာကို လက်နက်ကြီး (၄) လုံးထက်မနည်းဖြင့် ပစ်ခတ် တိုက်ခိုက်ခဲ့သည်။

**“မစောတံတားနားမှာ တိုက်ပွဲဖြစ်ပြီးတော့ နာရီဝက်လောက်အကြာမှာ ရွာထဲကို လက်နက်ကြီးကျတာပဲ။ ကလေးမတစ်ယောက်က ပွဲချင်းပြီးဆုံးသွားတယ်။ (၅) ယောက် ဒဏ်ရာရတယ်။ ဒဏ်ရာရတဲ့သူတွေကတော့ ဘီးလင်းဆေးရုံမှာ ဆေးကုနေတယ်”** ဟု တောင်ကလေး ဒေသခံတစ်ဦးက ပြောသည်။

သေဆုံးသူမှာ အသက် (၂၄) နှစ်အရွယ် နော်မိုးမိုးအေးဖြစ်ပြီး လက်နက်ကြီးကျည်စထိမှန်သဖြင့် ပွဲချင်းပြီးသေဆုံးခဲ့ခြင်း ဖြစ်သည်။ တောင်ကလေးကျေးရွာမှ စောကွယ်ဒူး (၅၅ နှစ်)၊ စောဒုံးပုံ (၅၇ နှစ်)၊ နော်မဌေး (၆၀ နှစ်)နှင့် နော်မငယ် (၄၀ နှစ်)နှင့် ရွှေအင်တုံကျေးရွာမှ ဒေါ်မတောက် (၆၃ နှစ်) တို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ဘီးလင်းမြို့နယ် မြင်သာတောင်တွင် တပ်စွဲထားသည့် အမှတ် (၈) ခြေလျင်တပ်ရင်းက ပစ်ခတ်တိုက်ခိုက်ခြင်းဖြစ်ကြောင်း သထုံခရိုင်ကရင်အမျိုးသား အစည်းအရုံးက အတည်ပြုသည်။

နံနက် (၅) နာရီ မိနစ် (၃၀) တွင်လည်း တောင်ကလေးကျေးရွာ ငါးထပ်ကြီးအပိုင်းမှ ငါးလုပ်သား စောမောင်နိုင်ကို စစ်ကောင်စီတပ်ဖွဲ့ဝင်များက အကြောင်းမဲ့ပစ်သတ်ခဲ့သည်။

စစ်ကောင်စီတပ်က အင်အားအလုံးအရင်းဖြင့် စစ်ကြောင်းထိုးလာခြင်းကြောင့် သထုံခရိုင်တွင် တိုက်ပွဲများ ပြင်းထန်နေသည်။ ဇူလိုင်လတစ်လတည်းတွင်ပင် စစ်ကောင်စီတပ်၏လက်နက်ကြီး ကြောင့် ကျိုက်ထို၊ ဘီးလင်းနှင့် သထုံမြို့နယ်များမှ ဒေသခံပြည်သူ (၉) ဦး သေဆုံးခဲ့ပြီး (၈) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

## အစအနပျောက်ဖျက်ခြင်းသည် သတိထားစောင့်ကြည့်ရမည့် အချက်ပေး ခေါင်းလောင်းသံ ဖြစ်လာသည်

လူငယ်လူရွယ်များကို စစ်ကောင်စီက ပို၍ ဖမ်းဆီးလာသည်။ အထူးသဖြင့် စစ်ဆေးရေး ဂိတ်များတွင် ဖမ်းဆီးထိန်းသိမ်းနေသည်။ ဖမ်းဆီးခံရပြီးနောက် ရက်ပေါင်းများစွာကြာအောင် ပျောက်ဆုံးနေတတ်ပြီး အဆိုးရွားဆုံးမှာ ပြန်မလာသည့်သူများ ရှိိနေခြင်းနှင့် ထိန်းသိမ်းထားစဉ် သတ်ဖြတ်ခံရခြင်းတို့ ဖြစ်ပွားလာသည်။

ဇူလိုင်လ (၂၅) ရက်နေ့တွင် မောင်မယ်ရှောင်ကျေးရွာတွင် တပ်စွဲထားသည့် စစ်ကောင်စီ တပ်ဖွဲ့ဝင်များက ရွာသား (၃) ဦးကို ဖမ်းဆီးပြီး စစ်ဆေးမေးမြန်းခဲ့သည်။ ၎င်းနောက် (၂) ဦးကို ပြန်လွှတ်ပေးခဲ့သော်လည်း လူငယ်တစ်ဦးဖြစ်သူ အသက် (၂၅) နှစ်အရွယ်ဝန်းကျင်ရှိ ကိုဇော်ဇော်ကို စစ်ကြောင်းနှင့်အတူ ဖမ်းဆီးခေါ်ဆောင်သွားသည်။ ၎င်းသည် သတ်ဖြတ်ခြင်းခံလိုက်ရပြီဟု ရွာသားများက ယုံကြည်နေကြသည်။

ဒေသခံအမျိုးသမီးတစ်ဦးက **“သူက နိုင်ငံရေးနဲ့ပတ်သက်ပြီး အဖမ်းခံလိုက်ရတာ။ နောက်တော့ အသတ်ခံလိုက်ရပြီလို့ သတင်းထွက်လာတယ်။ အသေအချာတော့ မသိဘူး။ အဲနောက်ပိုင်း ဘာမှထပ်မကြားရတော့ဘူး”** ဟု ပြောသည်။

ကျေးရွာတွင် ဖမ်းဆီးထားစဉ် အသက် (၆၀) ကျော် သက်ကြီးပိုင်းအမျိုးသား (၁) ဦးအပါအဝင် ရွာသား (၃) ဦးကို စစ်ကောင်စီတပ်ဖွဲ့ဝင်များက ပြင်းထန်စွာရိုက်နှက်ခဲ့သည်။ ကျေးရွာတစ်ခုလုံးကို ဝင်ရောက်စီးနင်းပြီး ဒေသခံနေအိမ်များမှ ဆိုင်ကယ်၊ ရွှေ၊ ငွေနှင့် အဖိုးတန်ပစ္စည်းများကို လုယက်ယူဆောင်သွားသည်။ ဇူလိုင်လ (၂၆) ရက်နေ့တွင် အိမ် (၁) လုံးကိုလည်း မီးရှို့ဖျက်ဆီးခဲ့သည်။

ဇူလိုင်လ (၂၈) ရက်နေ့တွင် စစ်ကောင်စီတပ်ဖွဲ့ဝင် (၇၀) ခန့်သည် မောင်မယ်ရှောင်ကျေးရွာမှ ထွက်ခွာလာပြီး ရေဖြူမြို့နယ် ကျောက်ကညာကျေးရွာသို့ ချီတက်လာကြသည်။ အဆိုပါဒေသတွင် အခြေအနေ မတည်မငြိမ်ဖြစ်ပွားနေပြီး ဒေသခံပြည်သူအများအပြားသည် စစ်ကြောင်းထိုးခြင်းနှင့် စစ်တပ်ကဝင်ရောက်တပ်စွဲခြင်းတို့ကြောင့် ထွက်ပြေးတိမ်းရှောင်နေရသည်။

## ဩဂုတ်လ ၂၀၂၄

ထားဝယ်မြို့နယ်အပါအဝင် တနင်္သာရီဒေသတွင် စစ်ရေးတင်းမာနေဆဲဖြစ်သည်။ အကြမ်းဖက်မှု များ မကြာခဏဖြစ်ပွားနေပြီး ရာပေါင်းများစွာသော ဒေသခံပြည်သူများသည် လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခံရမှုကြောင့် ဘေးလွတ်ရာသို့ တိမ်းရှောင်နေရသည်။

ဇူလိုင်လ (၂၉) ရက်နေ့တွင် မွန်ပြည်နယ် ရေးမြို့နယ်အဝင် နှစ်ကရင်ကျေးရွာရှိ “လဝီရာမည” စက်သုံးဆီအရောင်းဆိုင်မှ အလုပ်သမားတစ်ဦးကို စစ်ကောင်စီက ဖမ်းဆီးခဲ့သည်။ ၎င်း၏ လက်ကိုင်ဖုန်းတွင် မသင်္ကာဖွယ်ရာများ တွေ့ရှိိသဖြင့် ဖမ်းဆီးခြင်းဖြစ်ကြောင်း စစ်ကောင်စီက ပြောသည်။ အဆိုပါအလုပ်သမားသည် အသက် (၁၅) နှစ်အရွယ်သာ ရှိသေးပြီး ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များကို ကူညီထောက်ပံ့သည်ဟု စွပ်စွဲခံရကာ ရက်ပေါင်းများစွာ ဖမ်းဆီးထိန်းသိမ်းခံနေရသည်။

ကျေးရွာအနီးတွင် တိုက်ပွဲဖြစ်ပွားခဲ့သဖြင့် “လဝီရာမည” စက်သုံးဆီအရောင်းဆိုင်မှ အလုပ်သမား (၂) ဦး၏ လက်ကိုင်ဖုန်းများကို စစ်ကောင်စီက စစ်ဆေးခဲ့သည်။

**“ဖုန်းကို စစ်တော့ Facebook က သူ့သူငယ်ချင်းတစ်ယောက်က PDF အဖွဲ့ဝင် ဖြစ်နေတယ်။ အဲကြောင့် သူ့ကို ဖမ်းလိုက်တာ။ ခုဆို (၄) ရက် ရှိပြီ။ ဘယ်သူနဲ့မှလည်း ပေးမတွေ့ဘူး”** ဟု ရေးမြို့ခံတစ်ဦးက ပြောသည်။

ဖမ်းဆီးထားသူ (၂) ဦးအနက် (၁) ဦးကို ပြန်လွှတ်ပေးခဲ့သော်လည်း အသက် (၁၅) နှစ်အရွယ် အလုပ်သမားကို (၄) ရက်ကြာသည်အထိ ဆက်လက်ထိန်းသိမ်းထားပြီး အလုပ်ရှင်နှင့် မိသားစုဝင် များနှင့် တွေ့ခွင့်မပေးချေ။ ထို့ပြင် ၎င်းတို့၏ပို့ဆောင်ရေးယာဉ်ကိုလည်း သိမ်းယူထားသည်။

ရေး-သံဖြူဇရပ် အမှတ် (၈) လမ်းမကြီးတွင် တိုက်ပွဲများ နေ့စဉ်ဖြစ်ပွားနေပြီး ခရီးသွားပြည်သူ များ၏ လက်ကိုင်ဖုန်းများ၊ ဆိုင်ကယ်များနှင့် မော်တော်ကားများကို စစ်ဆေးနေသည်။ အဆိုပါ အခြေအနေက ခရီးသွားပြည်သူများ၏ လုံခြုံရေးကို ခြိမ်းခြောက်နေပြီး ပြည်သူများမှာ ပုဂ္ဂလိက အခွင့်အရေး ချိုးဖောက်ခံနေရသည်။

အလားတူ ဩဂုတ်လ (၄) ရက်နေ့တွင် ထားဝယ်ခရိုင် ရေဖြူမြို့နယ် ဇာဒီကျေးရွာမှ အသက် (၂၀) အရွယ် ကိုသန်းထိုက်ကို ဇာဒီနှင့် ခေါင်ပြန်ကျေးရွာကြားရှိ တံတားတွင် တပ်စွဲထားသည့် စစ်ကောင်စီတပ်သားများက ဖမ်းဆီးခဲ့သည်။

**“သူ့ကို မဖမ်းခင်မှာ သူ့လက်ကိုင်ဖုန်းကို စစ်ဆေးခဲ့တယ်”** ဟု ဇာဒီရွာသားတစ်ဦးက ပြောသည်။ လက်ကိုင်ဖုန်းကို သေသေချာချာစစ်ဆေးပြီးနောက် တော်လှန်ရေးအင်အားစုများနှင့်ပတ်သက်သည့် သက်သေများကို စစ်ကောင်စီတပ်သားများက တွေ့ရှိခဲ့သည်ဟု ဆိုသည်။ ၎င်းကို မောရဝတီ ရေတပ်စခန်းသို့ ဖမ်းဆီးခေါ်ဆောင်သွားပြီး အဆင်မြင့်နည်းပညာဖြင့် ၎င်း၏လက်ကိုင်ဖုန်းကို ဆက်လက်စစ်ဆေးသွားမည်ဟု သိရသည်။

၎င်းကို ကြိုးနက်တစ်ချောင်းဖြင့် လက်ပြန်ကြိုးတုပ် ဖမ်းဆီးသွားခြင်း ဖြစ်သည်။ ဩဂုတ်လ (၈) ရက်နေ့ မနက်အထိ ကိုသန်းထိုက်ကို ဖမ်းဆီးထိန်းသိမ်းထားပြီး ပြန်လည်လွှတ်ပေးခြင်း မရှိချေ။

ဇွန်လမှစ၍ ဇာဒီနှင့် ခေါင်ပြန်ကျေးရွာများတွင် တိုက်ပွဲများ ဖြစ်ပွားနေပြီး စစ်တပ်က ကျေးရွာများ ကို ဝင်ရောက်စီးနင်းစဉ်အတွင်း ရွာသား (၄) ဦး သတ်ဖြတ်ခံထားရသည်။ ဒေသခံများ၏ ပြောကြားချက်အရ ရွာသားအနည်းငယ်သာ ကျေးရွာသို့ ပြန်လည်နေထိုင်နေကြသည်။

ရေဖြူမြို့နယ် ကံပေါက်ဒေသတွင်လည်း လူမှုကွန်ရက်မှတဆင့် စစ်ကောင်စီကို ဆန့်ကျင်သူများကို ဆက်တိုက် ဖမ်းဆီးနေသည်။

၂၀၂၂ ဖေဖော်ဝါရီလမှ ၂၀၂၄ ဩဂုတ်လအထိ လူမှုကွန်ရက်မှတဆင့် စစ်ကောင်စီကို ဝေဖန်ခဲ့သူ အယောက် (၁၀၀) ကျော်ကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

## ဩဂုတ်လ ၂၀၂၄

အခြားဖြစ်စဉ်တစ်ခုတွင်လည်း မောရဝတီရေတပ်စခန်းက ရေဖြူမြို့နယ် ကောင်းမှုကျေးရွာမှ အသက် (၂၇) နှစ်အရွယ် အမျိုးသားတစ်ဦးကို ဩဂုတ်လ (၁၂) ရက်နေ့ညနေတွင် ဖမ်းဆီးခဲ့သည်။ ဖောင်းတောကျေးရွာရှိ ဇနီးဖြစ်သူ၏နေအိမ်တွင် ရှိနေစဉ် ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်သည်။

**"PDF တွေနဲ့ အဆက်အသွယ်ရှိတယ်ဆိုပြီး ရေတပ်က ဖမ်းသွားတာ။ သူ့ဖုန်းကို စစ်ပေမဲ့ ဘာမှမတွေ့ဘူး။ ထပ်စစ်ဆေးစရာရှိတယ်ဆိုပြီး ဖမ်းသွားတာ"** ဟု ဒေသခံအမျိုးသမီးတစ်ဦးက ပြောသည်။

ဆက်လက်စစ်ဆေးမေးမြန်းရန်အတွက် ဟုဆိုကာ ဇေယျာဦးကို မောရဝတီရေတပ်စခန်းတွင် ထိန်းသိမ်းထားသည်။ မိသားစုဝင်များနှင့်လည်း တွေ့ခွင့်မပေးချေ။

ဇွန်လ (၁၉) ရက်နေ့တွင် ဖမ်းဆီးသွားသည့် ဖောင်းတောရွာသား (၄) ဦးအနက် (၃) ဦးကို ဇွန်လ (၃၀) ရက်နေ့တွင် ပြန်လည်လွှတ်ပေးခဲ့သည်။ ဖောင်းတောနှင့် မော်ကြီးကျေးရွာကြားရှိ တောင်ကုန်းတွင် စစ်ကောင်စီက "ဘန်ကာ" တစ်ခု တည်ဆောက်ထားပြီး အင်အား (၅၀) ဝန်းကျင်ဖြင့် တပ်စွဲစခန်းချနေသည်။

လွန်ခဲ့သည့် ဧပြီလ (၂၄) ရက်နေ့တွင် ဖောင်းတောရွာသား အသက် (၅၀) အရွယ် ဦးဝင်းဘိုသည် မောရဝတီရေတပ်တွင် စစ်ဆေးမေးမြန်းခံနေရစဉ် သေဆုံးခဲ့သည်။ ၂၀၂၄ ဖေဖော်ဝါရီလတွင် လည်း အုပ်ချုပ်ရေးမှူးဟောင်း အပါအဝင် ဖောင်းတောရွာသား (၃) ဦးကို ရေတပ်က ဖမ်းဆီးခဲ့ သည်။ အုပ်ချုပ်ရေးမှူးဟောင်းကို ပြန်လွှတ်ပေးခဲ့သော်လည်း ကျန် (၂) ဦးကိုမူ ဆက်လက် ထိန်းသိမ်းထားဆဲ ဖြစ်သည်။

မွန်ပြည်နယ်တွင်လည်း ညီအစ်ကို (၂) ဦးကို တော်လှန်ရေးအင်အားစုများကို ကူညီထောက်ပံ့သည် ဟုဆိုကာ စစ်ကောင်စီက ဖမ်းဆီးခဲ့သည်။ ဩဂုတ်လ (၁၂) ရက်နေ့တွင် ကိုပြည့်စုံထွန်းကို စစ်ကောင်စီတပ်ဖွဲ့ဝင်များက လမ်းမပေါ်တွင် စစ်ဆေးခဲ့သည်။ နောက်တစ်ရက်တွင် ၎င်း၏နေအိမ် ကို ဝင်ရောက်စီးနင်းပြီး ၎င်းနှင့် ၎င်းညီအစ်ကိုဖြစ်သူကို ဖမ်းဆီးခဲ့သည်။

**"ခုရက်ပိုင်းမှာ လူငယ်တွေတော်တော်များများကို လိုက်ဖမ်းနေတယ်။ အဖမ်းခံလိုက်ရတာ အနည်းဆုံး (၂) ယောက် ရှိတယ်။ ကျန်တာတော့ ထွက်ပြေးနေရတယ်"** ဟု ကျိုက်ထိုဒေသခံ တစ်ဦးက ပြောသည်။

ဖမ်းဆီးထားသည့် ညီအစ်ကို (၂) ဦးကို ကျိုက်ထိုရှိ အမှတ် (၄၄) တပ်ရင်းဌာနချုပ်တွင် စစ်ဆေးမေးမြန်းနေပြီး မိသားစုဝင်များနှင့် တွေ့ခွင့်မပေးချေ။

ပြီးခဲ့သည့်ဇွန်လ (၁၃) ရက်နေ့တွင် ကော့စနိုင်လူမှုကူညီရေးအသင်းဝင် (၄) ဦးအပါအဝင် ဒေသခံပြည်သူ (၈) ဦးကို စစ်ကောင်စီက ဖမ်းဆီးခဲ့ပြီး ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ကို ကူညီ ထောက်ပံ့သည်ဟုဆိုကာ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်ခဲ့သည်။ မွန်ပြည်နယ်တွင် ဇူလိုင်လတစ်လတည်းတွင်ပင် အပြစ်မဲ့ပြည်သူ (၂၀) ဦးသည် အမျိုးမျိုးသောစွပ်စွဲချက်များဖြင့် စစ်ကောင်စီ၏ ဖမ်းဆီးအရေးယူခြင်းကို ခံခဲ့ရသည်။

ဩဂုတ်လ ဒုတိယအပတ်တွင် ကျိုက်ထိုမြို့နယ်၌ တော်လှန်ရေးအင်အားစုများနှင့် ပတ်သက် ဆက်နွယ်သည်ဟူသော သံသယဖြင့် ဒေသခံပြည်သူများကို ၎င်းတို့၏နေအိမ်တွင်ပင် ဖမ်းဆီးခဲ့ သည်။ လူငယ်အများအပြားမှာ ထွက်ပြေးပုန်းအောင်းနေရသည်။

ဩဂုတ်လ (၃) ရက်နေ့တွင် မောရဝတီရေတပ်စခန်းက ထားဝယ်ခရိုင် ရေဖြူမြို့နယ်မှ အမျိုးသား (၂) ဦးကို ဖမ်းဆီးခဲ့သည်။ ဖောင်းတောကျေးရွာမှ အသက် (၅၀) အရွယ် ဦးသိန်းမြင့်လွင်နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့မှ လတ်တလောနုတ်ထွက်လာသူ မော်ကြီးကျေးရွာမှ လူငယ်အမျိုးသား (၁) ဦးတို့ ဖြစ်သည်။

၎င်းတို့ (၂) ဦးစလုံးကို နေအိမ်တွင်ပင် ဖမ်းဆီးခဲ့ပြီး စစ်ဆေးမေးမြန်းနေစဉ်အတွင်း နှိပ်စက် ညှဉ်းပန်းမှုများကိုလည်း ပြုလုပ်နေသည်။ ဦးသိန်းမြင့်လွင်သည် ဦးခေါင်းတွင် ပြင်းထန်ဒဏ်ရာ ရရှိခဲ့သဖြင့် မောရဝတီရေတပ်

## ဩဂုတ်လ ၂၀၂၄

ဆေးရုံတွင် ဆေးကုသမှု ခံယူနေရသည်။ ၎င်းကို ချုပ်နှောင်ထား သည်မှာ (၁၃) ရက်တာ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း မိသားစုဝင်များနှင့် တွေ့ခွင့်မပေးချေ။

မော်ကြီးကျေးရွာမှ ဖမ်းဆီးသွားသည့်လူငယ်အမျိုးသားမှာမူ မည်သည့်နေရာတွင်ရှိနေသည်ကို မသိရချေ။ ဩဂုတ်လ (၁၂) ရက်နေ့ ညနေပိုင်းတွင် မောရဝတီရေတပ်က အသက် (၂၇) နှစ်အရွယ် ကောင်းမှုရွာသား ဇေယျာဦးကို ဖောင်းတောကျေးရွာရှိ ၎င်း၏ဇနီးဖြစ်သူ၏နေအိမ်တွင် ဖမ်းဆီးခဲ့ သည်။ ၎င်းကိုလည်း မိသားစုဝင်များနှင့် ဆက်သွယ်ခွင့် မပေးချေ။

အမျိုးသမီးနှင့် ကလေးသူငယ်များသည် စစ်ကောင်စီ၏တိုက်ခိုက်မှုကြောင့် အသက်အန္တရာယ်စိုးရိမ်ရသည့် ဒဏ်ရာများ ရရှိခဲ့သည်

ပြီးခဲ့သည့်လများတွင် အစီရင်ခံတင်ပြခဲ့သည့်အတိုင်း စစ်ကောင်စီသည် အမျိုးသမီးနှင့် ကလေးသူငယ်များကို ကျယ်ကျယ်ပြန့်ပြန့် ပစ်မှတ်ထားတိုက်ခိုက်နေပြီး သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်စေခဲ့သည်။ စစ်ပွဲများကြောင့် မိသားစုဝင်များ တကွဲတပြားဖြစ်ခဲ့ရပြီး စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများ ခံစားခဲ့ရသည်။ ၎င်းတို့အတွက် တရားမျှတမှု ပြန်လည်ရှာဖွေနိုင်ရန် ယုံကြည်အားကိုးရသည့်လမ်းကြောင်း မရှိချေ။

ဩဂုတ်လ (၂) ရက်နေ့ မနက်ပိုင်းတွင် ထားဝယ်ခရိုင် ရေဖြူမြို့နယ် ညင်းထွေးကျေးရွာမှ သားအမိ (၂) ဦးသည် စစ်ကောင်စီ၏လက်နက်ကြီးကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

မနက် (၆) နာရီတွင် စစ်ကောင်စီတပ်ဖွဲ့ဝင်များက ထားဝယ်ဒေသကို ခြေလျင်စစ်ကြောင်းထိုးလာပြီး လမ်းကြောင်းတလျှောက် လက်နက်ငယ်များ ရမ်းသမ်းပစ်ခတ်လာခဲ့သည်။ ကျေးရွာကိုလည်း လက်နက်ကြီး (၃) လုံးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

လက်နက်ကြီးတစ်လုံးသည် အောင်သာယာကွက်သစ်ရှိ နေအိမ်တစ်လုံးပေါ်သို့ ကျရောက်ပေါက်ကွဲ ခဲ့ပြီး အသက် (၅၀) အရွယ် ဒေါ်မီးငယ်နှင့် ဆယ်ကျော်သက်သမီးဖြစ်သူတို့ ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ စစ်ကောင်စီတပ်သားများသည် ကျေးရွာအဝင်ဝတွင် (၂) နာရီကျော် တပ်စွဲစခန်းချ ပြီးနောက် ထားဝယ်ဘက်သို့ ပြန်လည်ထွက်ခွာသွားသည်။

ဩဂုတ်လ (၈) ရက်နေ့တွင် လက်နက်ကြီးပေါက်ကွဲမှုကြောင့် ထားဝယ်ခရိုင် လောင်းလုံးမြို့နယ်ရှိ ကျေးရွာတစ်ရွာမှ အမျိုးသမီး (၁) ဦးနှင့် ကလေးငယ် (၁) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ မောင်းမကန်ရဲစခန်းကို တော်လှန်ရေးအင်အားစုများက ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်ပြီးနောက် စစ်ကောင်စီက လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ခြင်း ဖြစ်သည်။ ရဲစခန်းက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် တုံ့ပြန်ပစ်ခတ်ခဲ့ပြီး လက်နက်ကြီးကျည်တစ်လုံးသည် နေအိမ်တစ်လုံးပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့သည်။

ပေါက်ကွဲမှုကြောင့် အသက် (၁၀) နှစ်အရွယ်ရှိ ကလေးငယ် (၁) ဦးနှင့် လူလတ်ပိုင်း အမျိုးသမီး (၁) ဦးတို့ ထိခိုက်ခဲ့သည်။ အမျိုးသမီး၏ နားရွက်တွင် ကျည်စထိမှန်ခဲ့ပြီး ကလေးငယ်မှာ မစိုးရိမ်ဒဏ်ရာ ရရှိခဲ့သည်။ ကယ်ဆယ်ရေးအဖွဲ့များက ၎င်းတို့ (၂) ဦးကို ထားဝယ်မြို့ရှိ ဆေးရုံတစ်ခုသို့ ပို့ဆောင်ပေးခဲ့သည်။

ပဋိပက္ခနယ်မြေတွင်နေထိုင်နေရသည့် ပြည်သူများအတွက် မြေမြှုပ်မိုင်းသည် ပြင်းထန်သည့် ခြိမ်းခြောက်မှုတစ်ခု ဖြစ်နေဆဲဖြစ်သည်။ ထားဝယ်မြို့နယ် မောင်မယ်ရှောင်ကျေးရွာမှ အသက် (၁၉) နှစ်အရွယ် အမျိုးသမီးတစ်ဦးသည် ဩဂုတ်လ (၁၄) ရက်နေ့ မနက်ပိုင်းတွင် စစ်ကောင်စီက ထောင်ထားသည့် မြေမြှုပ်မိုင်းနင်းမိပြီး ဒဏ်ရာအမြောက်အမြား ရရှိခဲ့သည်။

ဩဂုတ်လ (၁၃) ရက်နေ့နောက်ပိုင်း စစ်ကောင်စီက ရွာသားများကို နေအိမ်ပြန်ကာ ပစ္စည်း ပစ္စယများ ပြန်လည်ယူဆောင်ခွင့် ခွင့်ပြုပြီးနောက်ပိုင်း မြေမြှုပ်မိုင်း ပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ အဆိုပါအမျိုးသမီး

## ဩဂုတ်လ ၂၀၂၄

သည် အဝတ်အစားယူပြီး အိမ်ပြန်အထွက်တွင် မြေမြှုပ်မိုင်းနင်းမိခြင်း ဖြစ်သည်။

"သူ့ကို ထားဝယ်ဆေးရုံကို အရေးပေါ်ယာဉ်နဲ့ အမြန်ပို့လိုက်ရတယ်။ ခြေထောက် ဖြတ်ရမယ်လို့ ကြားတယ်" ဟု အနီးအနားမှ ဒေသခံတစ်ဦးက ပြောသည်။

အမျိုးသမီးငယ်နှင့် မိသားစုဝင်များသည် ဆက်လက်ဖြစ်ပွားနေသည့်တိုက်ပွဲများ ကြောင့် ဥယျာဉ်ခြံ တစ်ခုတွင် ပုန်းအောင်းခိုလှုံနေရသည်။ မောင်မယ်ရှောင်ကျေးရွာနှ င့် အနီးအနားတဝိုက်တွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေပြီး စစ်ကောင်စီတပ်က ကျေးရွာတွင် ဝင်ရောက်တပ်စွဲထားသည်။

ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် ပြင်ကြီးနှင့် သဘော့ဆိပ်ကျေးရွာများမှ ဒေသခံ အမျိုးသမီး (၂) ဦးသည် စစ်ကောင်စီ၏လက်နက်ကြီးကြောင့် ထိခိုက်ဒဏ်ရာ ရရှိခဲ့ပြီး ထောင်ပေါင်းများစွာသော ဒေသခံများမှာလည်း ထွက်ပြေးတိမ်းရှောင်နေရ သည်။

ဩဂုတ်လ (၁၈) နှင့် (၁၉) ရက်နေ့များတွင် စစ်ကောင်စီက ပြင်ကြီးကျေးရွာကို လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သဖြင့် နေအိမ်အနည်းဆုံး (၄) လုံး ထိခိုက်ပျက်စီးခဲ့ ပြီး အမျိုးသမီး (၂) ဦး ဒဏ်ရာရ ရှိခဲ့သည်။ အသက် (၄၀) အရွယ် အမျိုးသမီးသည် လက်နက်ကြီးကျည်စထိမှန်ပြီး သတိမေ့မြော သွားခဲ့သည်။

"စစ်တပ်က လက်နက်ကြီးကို မကြာခဏဖြစ်နေတာ။ ရွာထဲကို အလုံး (၂၀) လောက် ပစ်တာ" ဟု ဒေသခံအမျိုးသားတစ်ဦးက ပြောသည်။

သဘော့ဆိပ်ကျေးရွာအုပ်စု ပြင်ကြီးကျေးရွာတွင် လက်နက်ကြီးကျရောက်ပေါက်ကွဲ ခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပွားခဲ့သည်။ သဘော့ဆိပ်၊ ပြင်ကြီးနှင့် ကရင်ကြီး ကျေးရွာများမှ ထောင်ပေါင်းများစွာသော ဒေသခံပြည်သူများသည် လောင်းလုံးမြို့နှင့် အနီးအနားဝန်းကျင်များသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

ဩဂုတ်လ (၁၇) ရက်နေ့တွင် မောင်းမကန်ရဲစခန်းကို တော်လှန်ရေးအင်အားစု များက ဝင်ရောက် တိုက်ခိုက်ပြီးနောက် အခြေအနေများ ပိုမိုတင်းမာလာခဲ့သည်။ သဲပုံတောင်စစ်စခန်းမှ စစ်ကောင်စီ တပ်က ဩဂုတ်လ (၁၈) မှ (၂၁) ရက်နေ့အထိ ကျေးရွာများကို လက်နက်ကြီး ဆက်တိုက်ပစ်ခတ်ခဲ့ သည့်အပြင် စစ်သင်္ဘောက လည်း သဘော့ဆိပ်ကျေးရွာ အနောက်ဘက်ပင်လယ်ပြင်တွင် ကင်းလှည့် လည် နေသည်။

မောင်းမကန်ရဲစခန်းနှင့် ထားဝယ်မြို့ ဆင်ဆိပ်ရပ်ကွက်တိုက်ခိုက်မှုတွင် စစ်ကောင်စီတပ်သား (၈) ဦး သေဆုံးခဲ့သည်။ ထားဝယ်မြို့ပေါ်ရှိ စစ်ကောင်စီ တပ်သားများသည် (၃) ရက်အတွင်း (၂) ကြိမ်တိုင် တိုက်ခိုက်ခံရခြင်း ဖြစ်သည်။

## ဩဂုတ်လ ၂၀၂၄

ငှင်းပြင် ဩဂုတ်လ (၁၅) ရက်နေ့တွင် တနင်္သာရီတိုင်း လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမင်းမင်းလတ်၏ယာဉ်တန်းကို တော်လှန်ရေးအင်အားစုများက ထားဝယ်မြို့ ဆင်ဆိပ် ရပ်ကွက်လမ်းဆုံအနီးတွင် ခြုံခိုတိုက်ခိုက်ခဲ့သည်။ တိုက်ခိုက်မှုအတွင်း စစ်ကောင်စီတပ်သား (၅) ဦး သေဆုံးပြီး နောက်ထပ် (၅) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရေဖြူပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နှင့် ထားဝယ်အမျိုးသားလွတ်မြောက်ရေးတပ်မတော်တို့က ထုတ်ပြန်ခဲ့သည်။

### တာဝန်ယူတာဝန်ခံမှု ရှိရန်နှင့် တရားမျှတမှုရရှိရန် အချိန်လင့်နေပြီဖြစ်သည်

လက်နက်ကိုင်ပဋိပက္ခများက လျော့ပါးရပ်တန့်သွားမည့် အရိပ်အယောင် မရှိသဖြင့် ဒေသခံပြည်သူ များမှာ အကြောက်တရားအောက်တွင် ဆက်လက်ရှင်သန်နေရသည်။ စစ်ကောင်စီ၏ ရမ်းသမ်း တိုက်ခိုက်မှုများကြောင့် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ စီမံကိန်းဧရိယာအပါအဝင် မြန်မာတနိုင်ငံလုံးတွင် လူသားချင်းစာနာထောက်ထားမှု အကြပ်အတည်းများ ဖြစ်ပေါ်နေသည်။ အဆိုပါတိုက်ခိုက်မှုများသည် ပြည်သူလူထုကို တိုက်ရိုက်ပစ်မှတ်ထားနေပြီး စီးပွားရေး အကြပ်အတည်းကို ဖြစ်ပေါ်စေသည့်အပြင် အကြမ်းဖက်မှုများကြောင့် ပြည်သူများ၏ဘဝကို မလုံမခြုံဖြစ်စေသည်။


နိုင်ငံတကာအသိုင်းအဝိုင်းက စစ်ကောင်စီကို အရေးယူရန်အတွက် အချိန်ဆွဲနေသည်မှာ ကာလကြာမြင့်လှပြီ ဖြစ်သည်။ သို့သော် အရေးယူရန် အချိန်နောက်မကျသေးချေ။ အပြစ်မဲ့ပြည်သူများအပေါ် ကာလကြာရှည်ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများအတွက် စစ်ကောင်စီက တာဝန်ယူတာဝန်ခံမှု ရှိလာစေရန် နိုင်ငံတကာအသိုင်းအဝိုင်းက စိတ်ရင်းမှန်ကန်စွာဖြင့် အပြစ်ပေးအရေးယူဆောင်ရွက်သွားရမည် ဖြစ်သည်။

## လူ့အခွင့်အရေးချိုးဖောက်မှုများ တိုးမြင့်လာခြင်း

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ ကွင်းဆင်းအဖွဲ့ဝင်များက အန္တရာယ်များကြားတွင်ပင် မွန်၊ ကရင်နှင့် တနင်္သာရီဒေများ၌ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက် မှတ်တမ်းတင်ကောက်ခံနေသည်။ ၂၀၂၄ ဩဂုတ်လအကုန်တွင် မတရားဖမ်းဆီးခံရမှု (၅၅) မှု၊ ချုပ်နှောင်ထိန်းသိမ်းခံရမှု (၂၉) မှု၊ ထိခိုက်ဒဏ်ရာရရှိမှု (၇၈) မှုနှင့် မတရားသတ်ဖြတ်ခံရမှု (၃၂) မှုတို့ ဖြစ်ပွားခဲ့ကြောင်း မှတ်တမ်းတင်ခဲ့သည်။

## ၂၀၂၄ ဩဂုတ်လတွင် မွန်၊ ကရင်နှင့် တနင်္သာရီဒေသများတွင် အပြစ်မဲ့ပြည်သူများ ဖမ်းဆီးခံရမှု၊ ထိခိုက်ဒဏ်ရာရရှိမှုနှင့် သတ်ဖြတ်ခံရမှုအခြေအနေများ

ဩဂုတ်လ ၂၀၂၄




**1+**

**စစ်ကောင်စီက ထောင်ဒဏ်ချမှတ်ခဲ့သည့် ဒီမိုကရေစီအရေး ဆန္ဒပြသူများနှင့် တက်ကြွလှုပ်ရှားသူဦးရေ**

# 5

## ၂၀၂၄ ဇူလိုင်လတွင်ဖြစ်ပွားခဲ့သည့် ဆန္ဒပြမှုအရေအတွက်

| 3 | 1 | 1 |
|---|---|---|
| တနင်္သာရီတိုင်းဒေသကြီး | မွန်ပြည်နယ် | ကရင်ပြည်နယ် |

# ၃၂,၆၀၀+

## စီမံကိန်းဧရိယာအတွင်းရှိ ထပ်မံတိုးပွားလာသည့်စစ်ဘေးရှောင်ပြည်သူဦးရေ

### မွန်၊ ကရင်နှင့် တနင်္သာရီဒေသများရှိ စစ်ကောင်စီ၏ပစ်မှတ်ထားခြင်းခံရသည့် ပြည်သူများဦးရေ

| 3+ | 1+ | 2+ |
|---|---|---|
| အာဏာရှင်လက်အောက်တွင် အမှုမထမ်းခြင်း (CDM) ပြုလုပ်မှုကြောင့် ထောင်ဒဏ်ကျခံခဲ့ရသူဦးရေ | စစ်ကောင်စီတရားရုံးက ထောင်ဒဏ်ချမှတ်လိုက်သည့် တက်ကြွလှုပ်ရှားသူများဦးရေ | စစ်ကောင်စီက အစအနဖျောက်လိုက်သည့် ပြည်သူများဦးရေ |

# 14+

အမျိုးသား နှင့် အမျိုးသမီး ၁ ဦးတို့ကို စစ်ကောင်စီတပ်က ဖမ်းဆီးခေါ်ဆောင်သွားပြီးနောက် သတင်းအစအနပျောက်ဆုံးသွားသည်။

**95+** မီးရှို့ခံခဲ့ရသည့် လူနေအိမ်အရေအတွက်



# 16+

မြန်မာနိုင်ငံတောင်ပိုင်းနှင့် တနင်္သာရီမြောက်ပိုင်းတွင် စစ်ကောင်စီက ဒေသခံပြည်သူများကို လူသားဒိုင်းအဖြစ်အသုံးပြုခဲ့မှုဖြစ်စဉ် အရေအတွက်

# 14+

စစ်ကောင်စီကသိမ်းယူခဲ့သော မော်တော်ယာဉ်အရေအတွက်

# 85+

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ စီမံကိန်းဧရိယာတွင် စစ်ကောင်စီတပ်ရင်း အနည်းဆုံး (၆) တပ်ရင်းက ကျူးလွန်ခဲ့သည့် ငွေကြေးအတင်းအဓမ္မတောင်းခံခြင်း ဖြစ်စဉ်အရေအတွက်

မွန်ပြည်နယ်

တနင်္သာရီ တိုင်းဒေသကြီး

## ကရင်ပြည်နယ်

- IDP 11,500+ ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ 25 ဦးခန့်
- သေဆုံးသူ 9 ဦးခန့်

ဧပြီလ (၇) ရက်နေ့တွင် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် တောင်စွန်းကျေးရွာ၌ စစ်ကောင်စီတပ်နှင့် တော်လှန်ရေးအင်အားစုများအကြား တစ်လကြာဖြစ်ပွားနေသည့် တိုက်ပွဲတွင် စစ်ကောင်စီက လက်နက်ကြီးနှင့် လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သဖြင့် ဒေသခံပြည်သူ (၃,၀၀၀) သည် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည့် ဒေသခံပြည်သူထက်ဝက်ကျော်မှာ စစ်ကောင်စီ၏ နောက်ထပ်တိုက်ခိုက်မှုနှင့် မြေမြှုပ်မိုင်းများကို ကြောက်လန့်စိုးရိမ်နေခြင်းကြောင့် နေရပ်မပြန်နိုင်သေးချေ။

**“နည်းနည်းပါးပါးပဲ ပြန်လာကြတယ်။ တချို့က စစ်တပ်ကို ကြောက်နေတုန်းပဲ။ စစ်သားတွေ စခန်းချသွားတဲ့ ဘုန်းကြီးကျောင်းနားမှာလည်း မြေမြှုပ်မိုင်းတွေ ထောင်ထားတယ်”** ဟု တောင်စွန်း ဒေသခံတစ်ဦးက ပြောသည်။

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်တွင် စစ်ကောင်စီတပ်က လက်နက်ကြီးပစ်ခတ်ခဲ့သဖြင့် (၉) လအရွယ် မွေးကင်းစကလေးငယ် (၁) သေဆုံးခဲ့ပြီး ကလေးငယ် (၂) ဦးအပါအဝင် ဒေသခံပြည်သူ (၅) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ မြေပြင်သတင်းပေးပို့ချက်များအရ ဩဂုတ်လ (၉) ရက်နေ့တွင် ထီးမူထကျေးရွာ၌ လက်နက်ကြီးကျရောက်ပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

စွယ်တော်ကုန်းတပ်စခန်းတွင် တပ်စွဲနေသည့် စစ်ကောင်စီတပ်သားများက တိုက်ပွဲဖြစ်ပွားခြင်း မရှိဘဲ ၈၁-မမ လက်နက်ကြီးဖြင့် ကျေးရွာများကို တိုက်ခိုက်ခဲ့သည်။ အဆိုပါတိုက်ခိုက်မှုကြောင့် မွေးကင်းစကလေးငယ် (၁) သေဆုံးခဲ့ပြီး အသက် (၄) နှစ်နှင့် (၅) နှစ်အရွယ် ကလေးငယ် (၂) ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။ ၎င်းပြင် အမျိုးသမီး (၂) ဦးနှင့် အမျိုးသား (၁) ဦးလည်း ထိခိုက်ခဲ့သည်။

၎င်းပြင် အသက် (၆၆) နှစ်အရွယ် အမျိုးသား (၁) ဦးလည်း သေဆုံးခဲ့ပြီး အခြားအမျိုးသမီး (၃) ဦးလည်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ပြီးခဲ့သည့် (၆) လတာကာလအတွင်း ကရင်ပြည်နယ်တွင် ထိုကဲ့သို့သောတိုက်ခိုက်မှုများ ပိုမိုဖြစ်ပွား လာပြီး ဒေသခံပြည်သူ (၁၃၄) ဦး သတ်ဖြတ်ခံခဲ့ရသည်။ ဒေသခံ (၄၀၀) ကျော်သည်လည်း လက်နက်ကြီးပစ်ခတ်မှုအပါအဝင် စစ်ကောင်စီ၏တိုက်ခိုက်မှုများကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ဒေသခံပြည်သူများမှာ အပြင်းအထန်ထိခိုက်ခံစားနေရသည်။ လူ့အခွင့်အရေးချိုးဖောက်မှုများကလည်း ဒေသအတွင်းတွင် ဆက်လက်ဖြစ်ပွားနေဆဲ ဖြစ်သည်။

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်တွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်နှင့် စစ်ကောင်စီတပ်တို့အကြား တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသဖြင့် ဒေသခံပြည်သူများမှာ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေရသည်။ နေအိမ်အလုံး (၃၀) ကျော်လည်း ထိခိုက်ပျက်စီးခဲ့သည်။

ဩဂုတ်လ (၁၅) ရက်နေ့တွင် အနန်းကွင်းနှင့် လွတ်ရှမ်းကျေးရွာအနီးတဝိုက်တွင် တိုက်ပွဲများ ပိုမိုပြင်းထန်လာသည်။ စစ်ကောင်စီက လေကြောင်းနှင့် လက်နက်ကြီးပစ်ကူများ အသုံးပြုပြီး တိုက်ခိုက်မှုကို ပိုမိုလုပ်ဆောင်လာသည်။

ဩဂုတ်လ (၁၉) ရက်နေ့တွင် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်၏ တပ်ဖွဲ့ဝင်များ တည်ရှိနိုင်သည့်နေရာများကို စစ်ကောင်စီက လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့သည်။ ဒေသခံများနှင့် နယ်ခံ

သတင်းထောက်များ၏ ပြောကြားချက်အရ လက်နက်ကြီးနှင့် လေကြောင်း တိုက်ခိုက်မှုကြောင့် နေအိမ်အမြောက်အမြား မီးလောင်ပျက်စီးခဲ့သည်။

**“ဩဂုတ်လ (၁၉) ရက်နေ့မှာ သူတို့က ရွာကို လေယာဉ်နဲ့ဗုံးကြဲတယ်။ လေကြောင်းကော လက်နက်ကြီးပါ ပစ်နေတော့ အိမ်အနည်းဆုံးအလုံး (၃၀) လောက် ပျက်စီးသွားတယ်။ အခုတော့ ရွာထဲမှာ ဘယ်သူမှ မရှိတော့ဘူး။ ဘေးလွတ်ရာကို ရှောင်ပြေးနေရတယ်။ စစ်ရေးက ဆက်ပြီး တင်းမာနေတော့ အနီးအနားကရွာတွေလည်း ထွက်ပြေးနေရတယ်”** ဟု အနန်းကွင်းမှ အမျိုးသမီးတစ်ဦးက ပြောသည်။

သံဖြူဇရပ်-ဘုရားသုံးဆူကားလမ်းပေါ်တွင် တည်ရှိသည့် အနန်းကွင်းနှင့် လွတ်ရှမ်း ကျေးရွာများ သည် စစ်ရေးအရအရေးပါသည့်နေရာများ ဖြစ်သည့်အတွက် တိုက်ပွဲများ ပိုမိုပြင်းထန်နေခြင်း ဖြစ်သည်။ စစ်ကောင်စီက လေကြောင်းနှင့် လက်နက်ကြီးပစ်ခတ်မှုများ အပြင်းအထန်လုပ်ဆောင် နေသဖြင့် အဆိုပါကျေးရွာများရှိ ဒေသခံပြည်သူများ အားလုံး ထွက်ပြေးတိမ်းရှောင်နေရသည်။

အဆိုပါကျေးရွာများသည် ယခုနှစ် မတ်လကတည်းက စစ်ကောင်စီနှင့် ကရင် အမျိုးသား လွတ်မြောက်ရေးတပ်မတော်ကြားက တိုက်ပွဲများတွင် ပိတ်မိနေခဲ့သည်။ ဒေသခံပြည်သူများသည် အကြိမ်ကြိမ် အဖန်ဖန် ထွက်ပြေးတိမ်းရှောင်နေရသည်။

စစ်ကောင်စီ၏ တိုက်ခိုက်မှုက အနန်းကွင်းနှင့် လွတ်ရှမ်းကျေးရွာများကိုသာ ပစ်မှတ်ထားသည် မဟုတ်ချေ။ တညင်၊ ကျောက်ဘီလူးနှင့် သံပုရာကျေးရွာများမှ ဒေသခံပြည်သူများသည်လည်း ဘေးလွတ်ရာ ထွက်ပြေးတိမ်းရှောင်နေရသည်။

တိုက်ပွဲများပြန်လည်ဖြစ်ပွားလာခြင်းကြောင့် ဒေသခံပြည်သူများမှာ အခြေအနေ ပိုမိုဆိုးရွား လာခဲ့သည်။ အိုးအိမ်စွန့်ခွာထွက်ပြေးနေရသဖြင့် အသက်ရှင်ရန်အတွက် ခက်ခက်ခဲခဲရုန်းကန် နေရသည်။ ထို့ပြင် ၎င်းတို့၏နေအိမ်များသည်လည်း ပျက်စီးဆုံးရှုံးသွားခဲ့ရပြီ ဖြစ်သည်။

“

**“ဩဂုတ်လ (၁၉) ရက်နေ့မှာ သူတို့က ရွာကို လေယာဉ်နဲ့ဗုံးကြဲတယ်။ လေကြောင်းကော လက်နက်ကြီးပါ ပစ်နေတော့ အိမ်အနည်းဆုံးအလုံး (၃၀) လောက် ပျက်စီးသွားတယ်။ အခုတော့ ရွာထဲမှာ ဘယ်သူမှ မရှိတော့ဘူး။ ဘေးလွတ်ရာကို ရှောင်ပြေးနေရတယ်။ စစ်ရေးက ဆက်ပြီး တင်းမာနေတော့ အနီးအနားကရွာတွေလည်း ထွက်ပြေးနေရတယ်”**

## မွန်ပြည်နယ်

- IDP 7,100 + ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ 22 ဦးခန့်
- သေဆုံးသူ 17 ဦးခန့်

ကရင်ပြည်နယ်

တနင်္သာရီ တိုင်းဒေသကြီး

၂၀၂၄ မေလမှစ၍ တိုက်ပွဲများ ပိုမိုဖြစ်ပွားလာခြင်းကြောင့် မွန်ပြည်နယ် ရေးမြို့နယ်တောင်ပိုင်းနှင့် တနင်္သာရီတိုင်း ထားဝယ်၊ လောင်းလုံးနှင့် သရက်ချောင်းမြို့နယ်များမှ ဒေသခံပြည်သူများသည် အင်တာနက်နှင့် ဖုန်းလိုင်းများ မကြာခဏနှင့် အချိန်ကြာမြင့်စွာ ဖြတ်တောက်ခြင်းကို ကြုံတွေ့နေ ရသည်။

စစ်ကောင်စီက အဆိုပါဒေသများတွင် ဆက်သွယ် ရေးကွန်ရက်များကို ရည်ရွယ်ချက်ရှိရှိ နှောင့်ယှက် ဖြတ်တောက်နေခြင်းကြောင့် ပြည်သူတို့၏ နေ့စဉ်လူမှုဘဝကို ထိခိုက်မှုများ ဖြစ်စေသည်။

၎င်းတို့၏ကျေးရွာတွင် ဖုန်းလိုင်းမရသည်မှာ (၁) လရှိပြီ ဖြစ်ကြောင်း၊ မိသားစုဝင်များကို ဆက်သွယ်၍ မရကြောင်း ရေးမြို့နယ် ကျုံကညာကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။

ရေးမြို့နယ်တောင်ပိုင်းရှိ အခြားကျေးရွာများတွင်လည်း အလားတူအဖြစ်အပျက်များ ဖြစ်ပေါ်နေပြီး မီးတိုင်ဒက်၊ မိထောလှာလေး၊ မိထောလှာကြီး၊ မန်ကျည်းနှင့် မကျည်း ချောင်းဝကျေးရွာများတွင် ၂၀၂၄ ဇွန်လကတည်းက ဖုန်းလိုင်းများ ပြတ်တောက်နေသည်။

ဖုန်းတာဝါတိုင်တွင် လျှပ်စစ်မီးပြတ်တောက်နေခြင်းကြောင့် ဖုန်းလိုင်းပြတ်တောက်နေခြင်းသည် စစ်ကောင်စီက ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ထားခြင်းကြောင့်လော သို့မဟုတ် လျှပ်စစ်မီး ပြတ်တောက်ခြင်းကြောင့်လော ရွာသားများအနေဖြင့် သေချာမသိရှိနိုင်ချေ။

ဖုန်းလိုင်းရရှိသည့်ကျေးရွာများတွင်လည်း လိုင်းများ မကြာခဏပြတ်တောက်ခြင်းများ ဖြစ်ပေါ်နေ သည်။ အထူးသဖြင့် မိုးရာသီတွင် ဖုန်းလိုင်းများ သိသိသာသာ ဆိုးရွားနေသည်။

မိုးရာသီတွင် ဖုန်းလိုင်းများကို အားထား၍မရကြောင်း၊ အနီးအနားနေရာများကိုပင် ဆက်သွယ်၍ မရကြောင်း ရေးမြို့နယ်မှ ဒေသခံတစ်ဦးက ပြောသည်။

ရေးမြို့နယ်မြောက်ပိုင်းတွင်လည်း စစ်ကောင်စီတပ်နှင့် တော်လှန်ရေးအင်အားစုများအကြား တိုက်ပွဲပြင်းထန်နေပြီး စစ်ကောင်စီက သတင်းစီးဆင်းမှုကို ဟန့်တားရန်အတွက် ဖုန်းလိုင်းများကို ရည်ရွယ်ချက်ရှိရှိ ဖြတ်တောက်ထားသည်။

လောင်းလုံးမြို့နယ်မှ ဒေသခံပြည်သူတစ်ဦးက ၎င်းတို့ ဒေသတွင် “Ooredoo” ဖုန်းလိုင်းကို အဓိကအသုံးပြုနေကြောင်း၊ ဖုန်းလိုင်းမိပြီး “VPN” ချိတ်ဆက်မှုပါ ပြုလုပ်နိုင်သော်လည်း လိုင်းဆွဲအားနှေးကွေးနေခြင်းကြောင့် လူမှုကွန်ရက်ပေါ်မှ သတင်းနှင့် နောက်ဆုံးဖြစ်စဉ်များကို ဖတ်ရှု၍ မရကြောင်း ပြောသည်။

Myanmar Internet Project အဖွဲ့၏ ဇူလိုင်လ (၂၆) ရက်နေ့ ထုတ်ပြန်ချက်အရ မအောင်မြင်သည့် အာဏာသိမ်းမှုနောက်ပိုင်း စစ်ကောင်စီက ဆက်သွယ်မှုကွန်ရက် ဖြတ်တောက်မှုပေါင်း (၂၇၅) ကြိမ် ပြုလုပ်ခဲ့ကြောင်း သိရသည်။

မွန်ပြည်နယ်သည် ဆက်သွယ်မှုကွန်ရက်ဖြတ်တောက်ခံရသည့် တတိယမြောက်အဆိုးရွားဆုံး ပြည်နယ် ဖြစ်ပြီး ဖြတ်တောက်ခံရမှု (၂.၈၅) ရာခိုင်နှုန်း ရှိသည်။

ဆက်သွယ်မှုကွန်ရက်များကို ယုံကြည်စိတ်ချ၍ မရတော့သဖြင့် ဒေသခံပြည်သူများမှာ အန္တရာယ် ပိုမိုကြီးမားလာသည်။ စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်တို့ အကြား တိုက်ပွဲများ ပိုမိုပြင်းထန်လာသဖြင့် သံဖြူဇရပ်-ရေးကားလမ်းတလျှောက်

ရှိ ဒေသခံပြည်သူ များသည် အိုးအိမ်စွန့်ခွာထွက်ပြေးနေရကြောင်း စစ်ရှောင်ပြည်သူများက ပြောသည်။

သံဖြူဇရပ်-ရေး-ထားဝယ်ကားလမ်းပိုင်းကို ပြန်လည်ထိန်းချုပ်နိုင်ရန်အတွက် စစ်ကောင်စီက တပ်အင်အား (၁,၀၀၀) ကျော် ပြန်လည်ဖြည့်တင်းပြီးနောက်ပိုင်း ၂၀၂၄ ဇူလိုင်လတွင် တိုက်ပွဲများ ပိုမိုပြင်းထန်လာခြင်း ဖြစ်သည်။

အင်အား (၅၀၀) အသီးသီးပါရှိသည့် စစ်ကြောင်း (၂) ခုသည် ကွမ်ဒူ၊ လိမ္မော်ခြံ၊ အောင်သာယာ၊ ဘေးလမိုင်း၊ နှစ်ကရင်၊ မေ့ကနင်နှင့် နှင်းစုံစသည့် ကားလမ်းတလျှောက်ရှိ ကျေးရွာများတွင် တပ်စွဲစခန်းချနေကြသည်။

စစ်တပ်က အင်အားဖြည့်တင်းလာသဖြင့် ပြည်သူများအကြား စိုးရိမ်မှုမြင့်မားလာပြီး နှင်းစုံ၊ အောင်သာယာ၊ ဘေးလမိုင်း၊ စံပြနှင့် ဒုံဖီကျေးရွာများမှ ဒေသခံပြည်သူများသည် လမိုင်းမြို့နှင့် အခြားဘေးလွတ်ရာနေရာများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

အလားတူ နောက်ထပ်စစ်ကြောင်းတစ်ခုက သံဖြူဇရပ်မြို့နယ်ကို စစ်ကြောင်းထိုးနေသဖြင့် စခန်းကြီး၊ ဝဲတော်၊ ကုန်းမြင့်သာနှင့် ဝဲပတုပ်ကျေးရွာများမှ ရာနှင့်ချီသော ဒေသခံပြည်သူများသည် ကရုပ္ပိနှင့် ပငကျေးရွာများနှင့် သံဖြူဇရပ်မြို့ပေါ်သို့လည်းကောင်း၊ အနီးအနားရှိ ဘေးလွတ်လုံခြုံရာ သို့လည်းကောင်း ထွက်ပြေးတိမ်းရှောင်နေရသည်။

သက်ကြီးရွယ်အိုများ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များသာ စစ်ရှောင်နိုင်ကြပြီး အမျိုးသားများ သည် ၎င်းတို့၏နေအိမ်ကို စောင့်ရှောက်ရန်အတွက် ကျေးရွာများတွင် ကျန်နေရစ်ကြသည်။

စစ်ကြောင်းထိုးနေသဖြင့် တိုက်ပွဲများ ပိုမိုဖြစ်ပွားလာသည့်နှင့်အတူ တော်လှန်ရေးအင်အားစုများက လည်း သံဖြူဇရပ်-ရေးကားလမ်းတလျှောက် လုံခြုံရေးဆိုင်ရာ စစ်ဆေးမေးမြန်းမှုများကို လုပ်ဆောင်နေသည်။

ဇူလိုင်လတွင် စစ်ကောင်စီ၏လက်နက်ကြီးကြောင့် ရေးမြို့နယ်တွင် ဒေသခံရွာသား (၈) ဦး ထိခိုက်ဒဏ်ရာရခဲ့ပြီး နေအိမ် (၃) လုံးလည်း ပျက်စီးခဲ့သည်။ ဩဂုတ်လပထမအပတ်တွင်ပင် ရေးမြို့နယ်တွင် တိုက်ပွဲ အနည်းဆုံး (၅) ကြိမ် ဖြစ်ပွားခဲ့ပြီး ဒေသခံပြည်သူ (၄) ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ နေအိမ် (၄) လုံးလည်း ထိခိုက်ပျက်စီးခဲ့သည်။

စစ်ကောင်စီစစ်ကြောင်းက ကျေးရွာများတွင် ဝင်ရောက်လှုပ်ရှားနေခြင်းကြောင့် ဒေသခံပြည်သူများသည် ၎င်းတို့၏နေအိမ်အနီးအနားတွင် ဖုံးခိုကျင်းများ တူးထားကြသည်။ ပိုမိုလုံခြုံသည့်နေရာ များသို့ ပြောင်းရွှေ့သွားသူများလည်း ရှိသကဲ့သို့ အစားအစာစုဆောင်းသူများလည်း ရှိသည်။ အရေးပေါ်ထွက်ခွာနိုင်ရန် ပြင်ဆင်နေကြခြင်း ဖြစ်သည်။ စစ်ကောင်စီနှင့် တော်လှန်ရေး အင်အားစုများအကြား နယ်မြေစိုးမိုးနိုင်ရေး အပြန်အလှန်ကြိုးစားနေသဖြင့် စစ်ရေးတင်းမာနေဆဲ ဖြစ်သည်။

မွန်ပြည်နယ် ပေါင်မြို့နယ်တွင် အမျိုးသား (၂) ဦးကို ဆိုင်ကယ်အတူစီးနင်းမှုဖြင့် စစ်ကောင်စီ တပ်က ငွေကြေးအတင်းအဓမ္မတောင်းခံခဲ့သည်။ ဖမ်းဆီးပြီး ငွေညှစ်ခြင်းကို စစ်ကောင်စီတပ်သား များက ဩဂုတ်လပထမအပတ်ကတည်းက လုပ်ဆောင်လာပြီး ၎င်းတို့၏ လုပ်ရိုးလုပ်စဉ်ပင် ဖြစ်နေ သည်။

စစ်ကောင်စီက ဆိုင်ကယ်အတူစီးနင်းသူအမျိုးသားများနှင့် ညမထွက်ရအမိန့်ဖောက်ဖျက်သူများကို ပစ်မှတ်ထားကာ လုံခြုံရေးကိုအကြောင်းပြပြီး ဖမ်းဆီးငွေညှစ်နေသည်။

"ကျွန်တော့်ကို (၂) သိန်းတောင်းတာ။ မပေးနိုင်လို့ (၁) သိန်းထားပေးပါ တောင်းပန်တာကို မရဘူး။ မုတ္တမတံတားကရဲတွေ အတော်ဆိုးတယ်။ အလုပ်ကပြန်ရင် ဒီလိုပဲစီးလာနေကျလေ။ ပိုက်ဆံပေးတာတောင် တောင်းပန်ပြီးပေးနေရတယ်" ဟု ငွေညှစ်ခံရသူအမျိုးသားတစ်ဦးက ပြောသည်။

ထိုကဲ့သို့သောအဖြစ်အပျက်များအပြင် ပေါင်မြို့နယ်မှ စစ်သားနှင့် ရဲတပ်ဖွဲ့ဝင်များသည် ဇင်းကျိုက်နှင့် ဆင်ရွာရေတံခွန်များမှ ပြန်လာသည့် ခရီးသွားပြည်သူများကိုလည်း ငွေညှစ်နေသည်။

ဇင်းကျိုက်ရဲစခန်း၊ ပေါင်ရဲစခန်းနှင့် မုတ္တမတံတားတွင် ခရီးသွားပြည်သူများကို ရပ်တန့်စစ်ဆေး နေသည်။

ထိုကဲ့သို့ဖမ်းဆီးငွေညှစ်ခြင်းသည် အရှေ့တောင်တိုင်း စစ်ဌာနချုပ်က ထုတ်ပြန်ထားသည့် အမိန့် ညွှန်ကြားချက်နှင့်လည်း သက်ဆိုင်နေသည်။

စစ်ကောင်စီနှင့်နီးစပ်သည့် သတင်းရင်းမြစ်တစ်ခုက လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် တစ်နေ့လျှင် ဖမ်းဆီးရရှိမှု အနည်းဆုံး (၅) မှု ခန့် တင်ပြရကြောင်း၊ ထိုကဲ့သို့ မလုပ်ဆောင်နိုင်ပါက အထက်က ကြိမ်းမောင်းခြင်းကို ခံရကြောင်း ပြောသည်။ အဆိုပါအခြေအနေကို အမြတ်ထုတ်ပြီး လုံခြုံရေး တပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများကို ဖမ်းဆီးငွေညှစ်နေခြင်း ဖြစ်သည်။

ဩဂုတ်လ (၁) ရက်မှ (၁၇) ရက်နေ့အတွင်း ဖမ်းဆီးမှုပေါင်း (၆၀) ကျော် ပြုလုပ်ခဲ့ပြီး အဆိုပါဖမ်းဆီးမှုများတွင် **“ပိုက်ဆံယူပြီးပြန်လွှတ်လိုက်သည့်အမှုများ”** မပါဝင်ချေ။

စစ်ကောင်စီက ပေါင်မြို့နယ်တွင် ညမထွက်ရအမိန့်ကို ၂၀၂၃ အောက်တိုဘာလ (၁) ရက်နေ့တွင် စတင်ထုတ်ပြန်ခဲ့ပြီးည (၁၀) နာရီမှ မနက် (၄) နာရီအတွင်း အပြင်ထွက်သွားလာခွင့်ကို ပိတ်ပင်ခဲ့သည့်အပြင် အမျိုးသား (၂) ဦး ဆိုင်ကယ်အတူစီးနင်းခွင့်ကိုလည်း တားမြစ်ထားသည်။ အမျိုးသား (၂) ဦး ဆိုင်ကယ်အတူစီးနင်းခြင်းကြောင့် ဖမ်းဆီးငွေညှစ်ခံရသည့်ဖြစ်စဉ်များသည် သထုံမြို့နယ်တွင်လည်း ဖြစ်ပွားနေသည်။

၂၀၂၄ ဇူလိုင်လ တတိယအပတ်တွင် မွန်ပြည်နယ် ရေးမြို့နယ်၌ လျှပ်စစ်မီးကို အချိန်အကန့်အသတ် ဖြင့်သာ လျှော့ချဖြန့်ဝေခဲ့သည်။ စက်သုံးဆီရှားပါးခြင်းနှင့် ဈေးနှုန်းမြင့်တက်ခြင်းတို့ကြောင့် ထိုကဲ့သို့လုပ်ဆောင်ခြင်းဖြစ်ကြောင်း မီးလင်းရေးကော်မတီက ထုတ်ပြန်ထားသည်။ ညဘက် အချိန် တွင် လျှပ်စစ်မီးမရရှိမှုကြောင့် ခိုးဝှက်မှုများ ပိုမိုဖြစ်ပွားလာသည်။

ပုဂ္ဂလိကကုမ္ပဏီများက လျှပ်စစ်မီးကို မနက် (၅) နာရီမှ ည (၁၀) နာရီအထိသာ ဖြန့်ဖြူး ပေးဝေနေသည်။ ဒေသခံပြည်သူများမှာ ညဘက်အချိန်တွင် အမှောင်ထုထဲတွင်သာ နေထိုင်နေ ရသည်။

ညဘက်တွင် မီးအလင်းရောင်မရှိခြင်းကြောင့် ရာဇဝတ်မှုများ ပိုမိုဖြစ်ပွားလာသည်။ နေအိမ်များနှင့် ဘုန်းတော်ကြီးကျောင်းများသာမက ဘုရားစေတီများတွင်ပါ ခိုးဝှက်မှုများ ဖြစ်ပွားလာသည်။

“မီးပေးချိန်ကို လျှော့ချလိုက်ကတည်းက သူခိုးတွေ သောင်းကျန်းတော့တာပဲ။ မီးကြိုးတွေ၊ မီတာဖုံးတွေ၊ လမ်းမီးသီးတွေကို ခိုးတယ်။ ဘုရားစေတီတွေ သာသနိကအဆောက်အဦးတွေက ပစ္စည်းတွေကိုလည်း ခိုးတယ်” ဟု ရေးဒေသခံတစ်ဦးက ပြောသည်။

ရာဇဝတ်မှုများက ထူပြောလာသော်လည်း စစ်ကောင်စီခန့် အုပ်ချုပ်ရေးမှူးများက ထိရောက်စွာ ဖမ်းဆီးအရေးယူခြင်း မရှိချေ။ ထိုသို့ ဖမ်းဆီးအရေးယူမှုမရှိသဖြင့် အခြေအနေ ပိုမိုဆိုးရွား လာမည်ကို ဒေသခံပြည်သူများက စိုးရိမ်နေကြသည်။

သူခိုးများသည် (၅) ယောက် (၁) ဖွဲ့ အဖွဲ့ဖွဲ့ပြီး ခိုးမှုကို ကျူးလွန်နေကြသည်။ အများစုမှာ ဆယ်ကျော်သက်အရွယ်များ ဖြစ်ကြပြီး မူးယစ်ဆေးစွဲနေသူများ ဖြစ်သည်။

**“သူခိုးအများစုက ဆေးစွဲနေတဲ့သူတွေပဲ။ ဆေးဝယ်ဖို့ ပိုက်ဆံမရှိရင် ရောင်းလို့ရသမျှ အကုန်ခိုးတယ်။ နေ့ဘက်မှာ အိမ်တွေကို လိုက်ကြည့်ပြီး ညဘက်မှာ ဖောက်ထွင်းခိုးယူတယ်”** ဟု အခြားရေးမြို့ခံတစ်ဦးက ပြောသည်။

စစ်ကောင်စီတပ်ဖွဲ့ဝင်များက ညစဉ်ညတိုင်း ကင်းလှည့်လည်နေသော်လည်း ခိုးဝှက်သူများကို ဖမ်းဆီးအရေးယူရမိခြင်း မရှိချေ။ အဆိုပါအခြေအနေကို ဒေသခံပြည်သူများက စိုးရိမ်နေကြပြီး ခိုးဝှက်မှုများ ပိုမိုဖြစ်ပွားလာခြင်းကြောင့် ၎င်းတို့၏လုံခြုံရေးအခြေအနေ ထိခိုက်လာမည်ကို ပူပန်နေကြသည်။

ရေးမြို့နယ်တွင် စစ်အုပ်ချုပ်ရေးကို ၂၀၂၃ ဖေဖော်ဝါရီလ (၈) ရက်နေ့ကတည်းက စတင်ကျင့်သုံးနေပြီး ညနေ (၆) နာရီမှ မနက် (၆) နာရီအတွင်း ညမထွက်ရအမိန့်ကိုလည်း ထုတ်ပြန် ထားသည်။ ထိုကဲ့သို့ တားမြစ်ထားသော်လည်း တိုးပွားလာသောရာဇဝတ်မှုများကို စစ်ကောင်စီက ကိုင်တွယ်နိုင်ခြင်း မရှိချေ။ ဒေသခံပြည်သူများမှာ စိုးရိမ်ထိတ်လန့်မှုနှင့် ကြောက်ရွံ့မှုများကြား တွင်သာ နေထိုင်နေရသည်။

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကိုလည်း စစ်ကောင်စီက ဖိနှိပ်နေပြီး သတင်းသမားများကို စစ်ကောင်စီက ပစ်မှတ်ထားနေသည်။ မွန်ပြည်နယ် လက်ပြကျေးရွာအနီးတွင် ဖြစ်ပွားခဲ့သည့် ဝင်ရောက်စီးနင်းပစ်ခတ်မှုတစ်ခုတွင် သတင်းထောက် (၂) ဦး သေဆုံးခဲ့သည်။ DVB သတင်းဌာန၏ Citizen Journalist တစ်ဦးနှင့် အလွတ်တန်း သတင်းထောက် (၁) ဦး သေဆုံးခဲ့သည်။

မိသားစုဝင်များအပါအဝင် ဒေသခံသတင်းရင်းမြစ်များက မည်ကဲ့သို့ဖြစ်ပွားခဲ့သည်ကို အတည်ပြု ပေးခဲ့သည်။ ဩဂုတ်လ (၂၁) ရက်နေ့ မနက် (၉) နာရီတွင် လက်ပြကျေးရွာရှိ စားသောက်ဆိုင်တစ်ခု အနီးတွင် ဝင်ရောက်စီးနင်းပစ်ခတ်မှု ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ အလွတ်တန်းသတင်းထောက် ကိုထက်မြတ်သူ၏နေအိမ်ကို စစ်ကောင်စီတပ်ဖွဲ့ဝင်များက အင်အားအလုံးအရင်းဖြင့် ဝင်ရောက် စီးနင်းပစ်ခတ်ခဲ့သည်။

DVB သတင်းဌာန၏ Citizen Journalist ဖြစ်သူ ကိုဝင်းထွဋ်ဦး၊ ကိုထက်မြတ်သူနှင့် ကျိုက်ထို တော်လှန်ရေးအင်အားစုမှ တပ်ဖွဲ့ဝင် (၂) ဦး အသက်ဆုံးရှုံးခဲ့ရသည်။ ၎င်းပြင် ကိုထက်မြတ်သူ၏ အသက် (၇၀) အရွယ် မိခင်ကြီးဖြစ်သူလည်း ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဒေသခံတစ်ဦးက **"ထက်မြတ်သူနဲ့ KPF အဖွဲ့ဝင်တွေက ငယ်သူငယ်ချင်းတွေ။ သူ့အိမ်ကိုလာလည်တုန်းမှာ ပစ်ခတ်မှုဖြစ်သွားတာ။ စစ်လော်ဘီတွေက သတင်းပေးလိုက်တာ ဖြစ်မယ်။ အင်အား (၄၀) လောက် လာဝိုင်းပြီး ရောက်ရောက်ချင်း သေနတ်နဲ့ဝိုင်းပစ်တယ်။ ပတ်ဝန်းကျင်တစ်ခုလုံး သေနတ်သံနဲ့ ဆူညံသွားတာပဲ"** ဟု အဖြစ်အပျက်ကို ပြောသည်။

မျက်မြင်များ၏ပြောကြားချက်အရ ကိုဝင်းထွဋ်ဦးနှင့် KPF အဖွဲ့ဝင် (၁) ဦးသည် အခင်းဖြစ်ပွားရာ တွင်ပင် သေဆုံးခဲ့သော်လည်း ကိုထက်မြတ်သူနှင့် အခြားအဖွဲ့ဝင် (၁) ဦးကို စစ်ကောင်စီ တပ်ဖွဲ့ဝင်များက ဖမ်းဆီးပြီးနောက် လက်ပြန်ကြိုးတုပ်ကာ ကျေးရွာအနီးရှိ လမ်းမပေါ်တွင် ပစ်သတ်ခဲ့ခြင်း ဖြစ်သည်။

သတင်းထောက် (၂) ဦး၏ ရုပ်အလောင်းများကိုလည်း မိသားစုဝင်များထံ ပြန်လည်ပေးအပ်ခြင်း မရှိဘဲ ကျိုက်ထိုမြို့နယ် တောင်ကလေးကျေးရွာရှိ သုသာန်တစ်ခုတွင် စစ်တပ်က မီးသဂြိုဟ်ခဲ့ သည်။

ကိုဝင်းထွဋ်ဦးသည် ၂၀၂၁ မအောင်မြင်သည့်အာဏာသိမ်းမှုပြီးနောက် ဆန္ဒပြပွဲများတွင် ပါဝင်ခဲ့မှုဖြင့် ပုဒ်မ ၅၀၅(က) ဖြင့် ဖမ်းဝရမ်းထုတ်ခံထားရသူဖြစ်သကဲ့သို့ ကိုထက်မြတ်သူသည်လည်း ၂၀၂၁ မတ်လတွင် ကျိုက်ထိုမြို့နယ်မှ ဆန္ဒပြပွဲတစ်ခုတွင် သတင်းရယူစဉ် သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးခံခဲ့ရသူဖြစ်သည်။ ကိုထက်မြတ်သူကို စစ်ကောင်စီက ထောင်ချခဲ့ပြီး ၂၀၂၁ အောက်တိုဘာ (၁၉) ရက်နေ့တွင် ပြန်လည်လွတ်မြောက်ခဲ့သည်။

မွန်ပြည်နယ် ကျိုက်ထိုမြို့ ကုံကော်ရပ်ကွက်မှ ရှေ့နေအမျိုးသမီးတစ်ဦးကို ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့နှင့် ဆက်သွယ်နေသည်ဟုဆိုကာ စစ်ကောင်စီက ဖမ်းဆီးခဲ့သည်။ ဩဂုတ်လ (၁၈) ရက်နေ့တွင် ရှေ့နေဒေါ်စံပယ်၏နေအိမ်ကို စစ်ကောင်စီတပ်က အင်အားအများအပြားဖြင့် ဝင်ရောက်စီးနင်းခဲ့ပြီး ၎င်းကို ဖမ်းဆီးခေါ်ဆောင်သွားသည်။

ဒေါ်စံပယ်သည် စစ်အာဏာရှင်လက်ထက်တွင် နိုင်ငံရေးပြစ်မှုဖြင့် အမှုရင်ဆိုင်နေရသူများကို အမှုလိုက်ပေးနေသူဖြစ်ပြီး စစ်ကောင်စီက ဇူလိုင်လတွင် ၎င်း၏ရှေ့နေလိုင်စင်ကို ရုပ်သိမ်းခဲ့သည်။ ဖမ်းဆီးခံရပြီးနောက်ပိုင်း ကျိုက်ထိုရှိ အမှတ် (၄၄) တပ်ရင်းကို ထိန်းသိမ်းခံထားရပြီး စစ်ဆေးမေးမြန်းခံနေရသည်။ မိသားစုဝင်များနှင့်လည်း တွေ့ခွင့်မရချေ။

ဩဂုတ်လ (၁၆) ရက်နေ့တွင်လည်း ကျိုက်ထိုမြို့နယ်မှ ရဲမှူးဇော်ဇော်နှင့် ရဲအရာရှိပြည်သူ့ရစိုးကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နှင့်ပတ်သက်သည်ဟုဆိုကာ စစ်ကောင်စီက ဖမ်းဆီးစစ်ဆေးနေသည်။ တော်လှန်ရေးအင်အားစုများနှင့် ဆက်သွယ်နေသည်ဟူသော စွပ်စွဲချက်ဖြင့် ကျိုက်ထိုမြို့နယ်မှ ဒေသခံပြည်သူ အနည်းဆုံး (၈) ဦးသည် ယခုလတွင် ဖမ်းဆီးခံထားရသည်။

စစ်ကောင်စီက ရမ်းသမ်းတိုက်ခိုက်နေသဖြင့် ဒေသခံပြည်သူများမှာ အန္တရာယ်နှင့် အချိန်မရွေး ရင်ဆိုင်နေရသည်။ မွန်ပြည်နယ် သထုံခရိုင် ကျိုက်ထိုမြို့နယ် ဝဲဒက်ကွင်းကျေးရွာမှ လူရွယ် အမျိုးသားတစ်ဦးသည် ဩဂုတ်လ (၂၄) ရက်နေ့တွင် စစ်ကောင်စီတပ်၏ လက်နက်ကြီးရမ်းသမ်း ပစ်ခတ်မှုကြောင့် သေဆုံးခဲ့ရသည်။

ကျိုက်ထိုအခြေစိုက် စစ်ကောင်စီတပ်စခန်း (၂) ကို တော်လှန်ရေးအင်အားစုများက မနက် (၁၀) နာရီတွင် ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ တစ်နာရီကျော်ကြာပြီးနောက်ပိုင်း နံနက် (၁၁) နာရီ (၁၅) မိနစ်အချိန်ခန့်တွင်လည်း စစ်ကောင်စီ၏ သိမ်ဇရပ်အခြေစိုက် အမှတ် (၃၁၀) အမြောက်တပ်ရင်း နှင့် အမှတ် (၂၀၇) ခြေမြန်တပ်ရင်းတို့ကို ရှော့တိုက်ဒုံးများဖြင့် တိုက်ခိုက်ခဲ့ပြန်သည်။

စစ်ကောင်စီက ပြန်လည်ရမ်းသမ်းတိုက်ခိုက်ခဲ့ပြီး စစ်ကောင်စီ၏လက်နက်ကြီးကျည်များသည် သုံးခွကျေးရွာအုပ်စု ဝဲဒက်ကွင်းကျေးရွာတွင် ကျရောက်ပေါက်ကွဲခဲ့ပြီး ထိခိုက်မှုများ ဖြစ်ပေါ်ခဲ့သည်။

အသက် (၂၅) နှစ်အရွယ် မောင်ချမ်းမြေ့အောင်သည် ဝမ်းဗိုက်နှင့် ညာဘက်လက်မောင်းတွင် ဒဏ်ရာပြင်းထန်စွာရရှိခဲ့သည်။ ၎င်းကို သိမ်ဇရပ်ဆေးရုံသို့ ပို့ဆောင်ခဲ့သော်လည်း ရရှိထားသည့် ဒဏ်ရာ ပြင်းထန်မှုကြောင့် လမ်းခုလတ်တွင်ပင် အသက်ဆုံးရှုံးခဲ့သည်။

တိုက်ပွဲပြီးနောက် စစ်ကောင်စီက လူနေကျေးရွာအများအပြားကို ရမ်းသမ်းပစ်ခတ်ခဲ့သည်။ ဝဲဒက်ကွင်း၊ သုံးခွ၊ မုက္ခမော့၊ စစ်ကွင်း၊ ခရွဲနှင့် အခိုင်ကျေးရွာများကို (၂) နာရီနီးပါးကြာအောင် ရမ်းသမ်းတိုက်ခိုက်ခဲ့သည်။ မုက္ခမော့ကျေးရွာတွင် လက်နက်ကြီးကျရောက်ပေါက်ကွဲပြီး ဒေသခံပြည်သူပိုင်ဆိုင်သည့် နွား (၃) ကောင် သေဆုံးခဲ့သည်။

အဆိုပါတိုက်ခိုက်မှုသည် ဒေသအတွင်း အကြမ်းဖက်မှုများ ပိုမိုဖြစ်ပွားလာနေသည်ကို ဖော်ပြနေသည်။ ဇူလိုင်လ (၂၃) ရက်နေ့တွင် ကျိုက်ထိုမြို့နယ် ပျဉ်းကတိုးကုန်းကျေးရွာကို စစ်ကောင်စီက လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ရာ ရွှေတွင်းလုပ်သားများအပါအဝင် ဒေသခံပြည်သူ (၈) ဦး သေဆုံးပြီး (၆) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ကရင်ပြည်နယ်

မွန်ပြည်နယ်

## တနင်္သာရီ တိုင်းဒေသကြီး

- IDP 14,000+ ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ 31 ဦးခန့်
- သေဆုံးသူ 16 ဦးခန့်

တနင်္သာရီဒေသအတွင်းရှိ လူ့အခွင့်အရေးအခြေအနေသည် တင်းမာနေဆဲဖြစ်သည်။ စစ်ကောင်စီက လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်ကျူးလွန်နေပြီး ပြည်သူတို့၏ အသက်အိုးအိမ် လုံခြုံရေးကို ခြိမ်းခြောက်နေသည်။ အဆိုပါကျူးလွန်မှုများသည် အခြေခံ လူ့အခွင့်အရေးနှင့် လွတ်လပ်ခွင့်တို့ကို ပေါ်ပေါ်ထင်ထင်မထီမဲ့မြင် ပြုရာကျနေသည်။

ထားဝယ်မြို့နယ် နည်းပညာတက္ကသိုလ်အနီး မောင်မယ်ရှောင်ကျေးရွာမှ နေအိမ် (၁၂) လုံးကို စစ်ကောင်စီတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း ဒေသခံများက ပြောသည်။ စစ်ကောင်စီ စစ်ကြောင်းက ကျေးရွာသို့ ဩဂုတ်လ (၅) ရက်နေ့ နံနက်ပိုင်းတွင် ရောက်ရှိလာပြီး ညနေ (၃) နာရီတွင် နေအိမ်များကို စတင်မီးရှို့ခဲ့သည်။

ဇူလိုင်လ နောက်ဆုံးအပတ်တွင် ကျေးရွာရှိ နေအိမ် (၄) လုံးနှင့် ဘိလိယက်ခုံ (၁) ခုကို မီးရှို့ခဲ့ပြန် သဖြင့် စုစုပေါင်း နေအိမ် (၁၆) လုံး မီးလောင်ပျက်စီးခဲ့သည်။ ၎င်းပြင် ဒေသခံ ပြည်သူများ၏ နေအိမ်များကို စီးနင်းပြီး လုယက်ခဲ့ကြသည်။

အနီးအနားဒေသများတွင် တိုက်ပွဲများ မကြာခဏဖြစ်ပွားနေပြီး ဇဟာကျေးရွာအခြေစိုက် အမြောက်တပ်ရင်းကလည်း မောင်မယ်ရှောင်ကျေးရွာဝန်းကျင်တစ်ခုလုံးကို လက်နက်ကြီးဖြင့် ကြိမ်ဖန်များစွာပစ်ခတ်နေသည်။ အကျိုးဆက်အားဖြင့် မောင်မယ်ရှောင်ကျေးရွာမှ ဒေသခံပြည်သူ များသည် ပြီးခဲ့သည့်ဧပြီလကတည်းက ကျေးရွာကို စွန့်ခွာသွားကြပြီး နှစ်ရှည်လများ စစ်ရှောင်နေ ကြရသည်။

ဩဂုတ်လ (၅) ရက်နေ့တွင် ရေဖြူပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့က ရေဖြူမြို့နယ် ရေဖြူတံတားရှိ စစ်ကောင်စီစစ်ဆေးရေးဂိတ်နှင့် ထားဝယ်မြို့နယ် မောင်မယ်ရှောင်ကျေးရွာအနီးရှိ စစ်ဆေးရေး ဂိတ်များကို တိုက်ခိုက်ခဲ့သည်။ အဆိုပါတိုက်ခိုက်မှုကို ရေဖြူပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့၊ ထားဝယ် အမျိုးသားလွတ်မြောက်ရေးတပ်မတော်၊ ကျားသစ်နက်အဖွဲ့၊ ဘီးလုံးပြောက်ကျားအဖွဲ့နှင့် ထားဝယ် လူမျိုးလွတ်မြောက်ရေးတပ်မတော် (သာဂရအဖွဲ့) တို့က ပူးပေါင်းလုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။

မြိတ်ခရိုင် တနင်္သာရီတံတားအနီးရှိ စစ်ဆေးရေးဂိတ်တွင် စစ်ကောင်စီတပ်သားများက အမျိုးသား တစ်ဦးကို သေနတ်ဖြင့် ပစ်ခတ်ခဲ့သဖြင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ဩဂုတ်လ (၁၂) ရက်နေ့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မြိတ်မှ မောတောင်သို့ ကုန်ပစ္စည်း

များတင်ဆောင်လာသည့် ကုန်တင်ယာဉ်ကို စစ်ကောင်စီတပ်သားများက ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ကုန်တင်ကားမောင်းသူ ကိုကောင်းပြည့် သည် ဦးခေါင်းတွင် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ကိုကောင်းပြည့်သည် မြိတ်ဒေသ ကံခေါင်ဒေသခံတစ်ဦးဖြစ်ပြီး ၎င်း၏ကုန်တင်ယာဉ်သည် ပြည်သူ့ ကာကွယ်ရေးတပ်ဖွဲ့ဝင်များကို တင်ဆောင်လာသည်ဟု စစ်ကောင်စီက အထင်မှားခဲ့သဖြင့် ပိတ်ဆို့ပစ်ခတ်ခဲ့ခြင်း ဖြစ်သည်။

စစ်ကောင်စီကို ဖြတ်သန်းပြီးနောက် ဗိုလ်ချုပ်အောင်ဆန်းရုပ်တုအနီးတွင် ပြည်သူ့ ကာကွယ်ရေး တပ်ဖွဲ့က ကုန်တင်ယာဉ်ကို တားဆီးခဲ့သဖြင့် ထိုကဲ့သို့အထင်မှားမှု ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း ယာဉ်မောင်းဖြစ်သူက ပြောသည်။ ယာဉ်ကို နောက်ပြန်လှည့်ရန် ကြိုးစားသော်လည်း စစ်ကောင်စီ တပ်ဖွဲ့ဝင်များက သင်္ကာမကင်းဖြစ်ကာ တရစပ်ပစ်ခတ်ခဲ့သည်။

တနင်္သာရီတံတားရှိ စစ်ကောင်စီစစ်ဆေးရေးဂိတ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များရှိသည့် ဗိုလ်ချုပ်အောင်ဆန်းရုပ်တုနေရာသည် (၁) မိုင်ခန့်သာ ကွာဝေးသည်။ တစ်ရက်တည်းတွင်ပင် တနင်္သာရီမြို့ပေါ်တွင်လည်း ပစ်ခတ်မှု ဖြစ်ပွားခဲ့သည်။ ပစ်ခတ်မှုကြောင့် ကျေးရွာ (၇) ရွာတွင် လမ်းများ ပိတ်ဆို့သွားခဲ့သည်။

မြိတ်ခရိုင် ပုလောမြို့နယ် မီးလောင်ချောင်းကျေးရွာတွင် စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သဖြင့် သက်ကြီးပိုင်းအမျိုးသမီး (၁) ဦး သေဆုံးပြီး ဒေသခံရွာသား (၂) ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ ဩဂုတ်လ (၈) ရက်နေ့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး တော်လှန်ရေးအင်အားစုများနှင့် ထိတွေ့မှုဖြစ်ပွားပြီးနောက် စစ်ကောင်စီက ကျေးရွာကို တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

မီးလောင်ချောင်းကျေးရွာရှိ စစ်ကောင်စီစစ်ဆေးရေးဂိတ်ကို တော်လှန်ရေးအင်အားစုများက တိုက်ခိုက်ခဲ့သဖြင့် (၂) နာရီကြာ တိုက်ပွဲဖြစ်ပွားခဲ့သည်။ တိုက်ပွဲအတွင်း စစ်ကောင်စီက ပစ်ခတ်လိုက်သည့် လက်နက်ကြီးများသည် ကျေးရွာအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ရာ အသက် (၇၀) အရွယ် ဒေါ်ဖွားမြင့်တို့ ဇနီးမောင်နှံသည် ထိခိုက်ဒဏ်ရာရခဲ့သည်။ ဒဏ်ရာပြင်းထန်သဖြင့် ဆေးကုသနေစဉ် ဩဂုတ်လ (၁၆) ရက်နေ့တွင် သေဆုံးသွားခဲ့သည်။

တိုက်ပွဲတွင် စစ်ကောင်စီတပ်ဖွဲ့ဝင် (၁) ဦး သေဆုံးခဲ့ပြီး အခြားတပ်ဖွဲ့ဝင်များသည် ဂိတ်စခန်းကို ထိန်းသိမ်းထားနိုင်ခြင်း မရှိဘဲ အထိအခိုက်များစွာဖြင့် ဆုတ်ခွာသွားခဲ့သည်။ လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းကဲ့သို့သော အကြမ်းဖက်မှုများသည် ဒေသတွင်းတွင် ဆက်တိုက်ဖြစ်ပွားလေ့ရှိသည်။

စစ်ကောင်စီတပ်သား အင်အား (၁၀၀) နီးပါး တပ်စွဲထားသည့် ထားဝယ်အနောက်ဘက်ရှိ မောင်းမကန်ကျေးရွာတွင် လမ်းများကို ပိတ်ဆို့ပြီး ဖြတ်သွားဖြတ်လာသူမှန်သမျှကို စစ်ဆေး မေးမြန်းနေသည်။ ဩဂုတ်လ (၂၂) နှင့် (၂၅) ရက်နေ့အတွင်း စစ်ကောင်စီက "နေ့ခင်းကြောင်တောင်" စစ်ကြောင်းထိုးခဲ့ပြီး သဘောဆိပ်မှ ဒေသခံပြည်သူ (၇) ဦးကို ဖမ်းဆီးခဲ့သည်။

ဖမ်းဆီးထားသူများတွင် ကိုအေးလွင်နှင့် ဇနီးဒေါ်မီးမီး၊ ကိုတရုပ်ကမ်း၊ ကိုဖစု၊ ကိုနေထက်လင်း၊ ကိုညီညီဇော်နှင့် အမည်မသိအမျိုးသားတစ်ဦးတို့ ပါဝင်သည်။ ၎င်းတို့သည် ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များနှင့် ဆက်သွယ်နေသူများဖြစ်ကြောင်း သက်သေအထောက်အထား မရှိဘဲ စစ်ကောင်စီက စွပ်စွဲခဲ့သည်။ ၎င်းတို့သည် သာမန်ရွာသားများသာဖြစ်ကြောင်း ဒေသခံများက ပြောသည်။ ဖမ်းဆီးပြီးနောက် ရှာဖွေစစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီး လက်ကိုင်ဖုန်းများကို သိမ်းယူသွားခဲ့သည်။

"သဘောဆိပ်က လင်မယားက မတရားအဖမ်းခံလိုက်ရတာ။ သူတို့ကားပါ သိမ်းသွားတယ်။ ဒေသခံကာကွယ်ရေးတပ်ဖွဲ့တွေနဲ့ ဆက်သွယ်တယ်ဆိုပြီး အကြောင်းမဲ့စွပ်စွဲပြီး ဖမ်းသွားတာ" ဟု ဒေသခံတစ်ဦးက ပြောသည်။

စစ်ကောင်စီတပ်ဖွဲ့ဝင်များ စစ်ဆေးမေးမြန်းမှု လုပ်ဆောင်နေသည့် မောင်းမကန်ကမ်းခြေတွင် ဖမ်းဆီးမှုများ ဖြစ်ပွားနေသည်။ ဩဂုတ်လ (၁၇) ရက်နေ့တွင် မောင်းမကန်ရဲစခန်းနှင့် အနီးအနား ဘုန်းကြီးကျောင်းတွင် တပ်စွဲထားသည့် စစ်ကောင်စီတပ်သားများက ကျေးရွာတစ်လျှောက် အင်အားဖြန့်ကျက်ထားသည်။

ဩဂုတ်လ (၁၈) ရက်နေ့တွင် သဘောဆိပ်နှင့် ပြင်ကြီးကျေးရွာများကို လက်နက်ကြီးဖြင့် ပစ်ခတ် ခဲ့ပြီး နေအိမ်များ ထိခိုက်ပျက်စီးခဲ့သည်။ ဒေသခံပြည်သူအမြောက်အမြားထွက်ပြေးတိမ်းရှောင် ခဲ့ရသည်။

"အဖမ်းခံလိုက်ရတဲ့သူတွေက တိုက်ပွဲကြောင့် မောင်းမကန်ဘက်ကို စစ်ရှောင်လာတဲ့သူတွေပဲ။ ကံဆိုးချင်တော့ စစ်ကြောင်းထိုးနေရင်း အဖမ်းခံလိုက်ရတာ" စု သဘောဆိပ်ဒေသခံတစ်ဦးက ပြောသည်။

ဩဂုတ်လ (၂၄) ရက်နေ့အထိ ဖမ်းဆီးခံထားရသူ (၇) ဦးအနက် မည်သူတစ်ဦးတစ်ယောက်မျှ ပြန်လည်လွတ်မြောက်လာခြင်း မရှိချေ။ ၎င်းပြင် ဩဂုတ်လ (၂၀) ရက်နေ့တွင် မောင်မယ်ရှောင် ကျေးရွာရှိ နေအိမ်များကို စစ်ကောင်စီတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းပြီး အဖိုးတန်ပစ္စည်း များကို လုယက်ယူဆောင်သွားသည်။ အနီးအနားဒေသတွင်လည်း ခရီးသွားပြည်သူများကို နေ့စဉ် စစ်ဆေးမေးမြန်းနေသည်။

မြိတ်ခရိုင် တနင်္သာရီမြို့နယ် ဆင်ခြေဖုံးကျေးရွာအုပ်စု အောကြီးကျေးရွာမှ ရွာသား (၂) ဦးသည် ဩဂုတ်လ (၂၁) ရက်နေ့တွင် မြေမြှုပ်မိုင်းနင်းမိပြီး ခြေထောက်တစ်ဖက်စီ

ဆုံးရှုံးခဲ့ရသည်။ ၎င်းတို့ (၂) ဦးသည် ကွမ်းသီးနှင့် ဟင်းသီးဟင်းရွက်များကို ခူးဆွတ်ပြီး ပြန်လာစဉ် အောက်ကင်းကျေးရွာ အခြေစိုက် အမှတ် (၅၅၇) ခြေမြန်တပ်ရင်းအနီးတွင် မိုင်းနင်းမိခြင်း ဖြစ်သည်။

အသက် (၃၃) နှစ်အရွယ် မခင်ခင်လှဲက မြေမြှုပ်မိုင်း အရင်နင်းမိပြီး ထိခိုက်ဒဏ်ရာအများအပြား ရရှိခဲ့သည်။ အသက် (၃၈) နှစ်အရွယ် ကိုဆန်းဦးက သူ့ကို ဘေးလွတ်ရာသို့ ချီမသွားစဉ် ၎င်းကိုယ်တိုင် နောက်ထပ်မြေမြှုပ်မိုင်း နင်းမိပြန်သည်။ မခင်ခင်လှဲသည် ညာဘက်ခြေထောက် ဖြတ်တောက်လိုက်ရပြီး ကိုဆန်းဦးသည် ၎င်း၏ ဘယ်ဘက်ခြေထောက်ကို ဆုံးရှုံးလိုက်ရသည်။ နှစ်ဦးစလုံးသည် တနင်္သာရီမြို့နယ်ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူနေသည်။

ဒေသခံပြည်သူများ၏ ပြောကြားချက်အရ အဆိုပါနေရာတွင် မြေမြှုပ်မိုင်း အများအပြား မြှုပ်နှံထားသဖြင့် ဝင်ရောက်သွားလာခြင်း မပြုကြရန် စစ်ကောင်စီက အုပ်ချုပ်ရေးမှူးများမှတဆင့် သတိပေးထားကြောင်း သိရသည်။ အဆိုပါအဖြစ်အပျက်ပြီးနောက် စစ်ကောင်စီတပ်က အောက်ကင်းကျေးရွာအနီးတဝိုက်တွင် မြေမြှုပ်မိုင်းများ ထပ်မံထောင်ထားပြီး ရွာသားများကို ဥယျာဉ်ခြံသို့ သွားလာခွင့် ပိတ်ပင်လိုက်သည်။

တနင်္သာရီမြို့နယ်တွင် စစ်ကောင်စီတပ်က ၎င်းတို့၏တပ်စခန်းအနီးတဝိုက်တွင် မြေမြှုပ်မိုင်းများကို အများအပြားမြှုပ်နှံထားပြီး ကားလမ်းများနှင့် လူသွားလမ်းများတွင်လည်း မိုင်းများ မြှုပ်နှံထား ကြောင်း သိရသည်။ ညောင်ပင်ကွင်းကျေးရွာအခြေစိုက် အမှတ် (၅၆၁) ခြေမြန်တပ်ရင်းနှင့် အရှေ့မောတုံးကျေးရွာအခြေစိုက် အမှတ် (၃၀၆) အမြောက်တပ်ရင်းအနီးတဝိုက်တွင်လည်း မြေမြှုပ်မိုင်းများ မြှုပ်နှံထားသည်။

၂၀၂၄ ခုနှစ် ပထမ (၈) လတာ ကာလအတွင်း တနင်္သာရီဒေသတွင် မြေမြှုပ်မိုင်းကြောင့် ဒေသခံပြည်သူ အနည်းဆုံး (၆) ဦး သေဆုံးပြီး (၄၇) ဦးဝန်းကျင် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

## အရေးပါသည့်တွေ့ရှိချက်များ

၁. ငွေကြေးဖောင်းပွလာမှုက ပြည်သူလူထုကို အကြီးအကျယ်ထိခိုက်စေပြီး ၎င်းတို့သည် အခြေခံစားသောက်ကုန်များကိုပင် ဝယ်ယူရန် ခက်ခဲလာသည်။

၂. မွန်ပြည်နယ်တစ်ဝန်းလုံးတွင် သက်ငယ်လိင်ပိုင်းအကြမ်းဖက်မှုများ ပိုမိုဖြစ်ပွားလာပြီး အာဏာပိုင်များက အရေးယူဆောင်ရွက်မှုမရှိကြောင်း မွန်အမျိုးသမီးအဖွဲ့များက သတိပေးထုတ်ပြန်ထားသည်။

၃. လက်နက်ကိုင်တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်မှုများ ဖြစ်ပေါ်နေပြီး နယ်မြေမတည်ငြိမ်မှုနှင့် စစ်ရေးတင်းမာနေမှုတို့က ပြည်သူများကို အိုးအိမ်စွန့်ခွာရန် ဖိအားပေးနေသည်။

၄. ရဲတပ်ဖွဲ့ဝင်များနှင့် စစ်တပ်လက်ကိုင်တုတ် ပြည်သူ့စစ်အဖွဲ့ဝင်များက တစ်အိမ်တက်တစ်အိမ်ဆင်း စစ်ဆေးနေပြီး ၎င်းတို့အလိုရှိသည့်သူများကို ဖမ်းဆီးနေသည်။

၅. အရေးပါသည့်လမ်းမတစ်လျှောက်တွင် တပ်စွဲထားသည့် စစ်ကောင်စီ၏ဂိတ်စခန်းများက ခရီးသွားပြည်သူများ၏ မော်တော်ဆိုင်ကယ်များ၊ လက်ကိုင်ဖုန်းများနှင့် ငွေကြေးဥစ္စာများကို သိမ်းယူနေသည်။ ကိုယ်ပိုင်ပစ္စည်းများကို ပြန်လည်ရရှိရန် ပြည်သူများက လာဘ်ငွေများ ပေးနေရသည်။ သို့သော် ပြည်သူအများစုမှာ လာဘ်ငွေပေးရန် မတတ်နိုင်ကြချေ။

၆. ညဉ့်းပန်းနှိပ်စက်ခြင်းသည် အချက်အလက်ကောက်ခံစုဆောင်းသည့်ဒေသများနှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားနေပြီး သတင်းအချက်အလက်ရယူရန် စစ်ကောင်စီက ကျင့်သုံးနေသည့် ရက်စက်ကြမ်းကြုတ်သည့်နည်းလမ်းဖြစ်သည်။

၇. မြန်မာနိုင်ငံအတွင်း ဖြစ်ပွားနေသည့်အခြေအနေများ သိသိသာသာပြောင်းလဲသွားရန် ကုလသမဂ္ဂနှင့် အာစီယံအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းများက လုံလောက်စွာ ဖိအားမပေးနိုင်ကြချေ။ နိုင်ငံတကာအသိုင်းအဝိုင်းများအနေဖြင့် မြန်မာ့အရေးကို အထူးအာရုံစိုက်ပြီး စစ်ကောင်စီကို တာဝန်ခံမှုရှိလာစေရန် လုပ်ဆောင်ရမည်ဖြစ်သည်။

၈. ပြစ်ဒဏ်မှကင်းလွတ်ခွင့်ကို တပ်မတော်အမည်ခံ စစ်တပ်က ဆက်လက်ရရှိနေပြီး အဆိုပါအခြေအနေကပင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်ကျူးလွန်ရန် စစ်တပ်ကို အားပေးနေသည်။

၉. စစ်တပ်၏ပစ်မှတ်ထားတိုက်ခိုက်မှုတွင် ကလေးသူငယ်များလည်း ပါဝင်နေပြီး ကလေးသူငယ်များမှာ အစားအစာ၊ ပညာရေး၊ ဆေးကုသခွင့်နှင့် လုံခြုံစွာအသက်ရှင်နေထိုင်ခွင့်စသည့် အခြေခံအခွင့်အရေးများကို ဆုံးရှုံးနေသည်။

၁၀. မတရားဖမ်းဆီးခြင်းနှင့် တရားဥပဒေနှင့်မကိုက်ညီသော ထိန်းသိမ်းချုပ်နှောင်မှုများကို စစ်တပ်ကဆက်လက်လုပ်ဆောင်နေသည်။ ရှာဖွေခွင့်ဝရမ်း မပါရှိဘဲ ဝင်ရောက်စီးနင်းရှာဖွေခြင်းနှင့် လူနေကျေးရွာနှင့် ရပ်ကွက်များအတွင်းသို့ လက်နက်ကြီး လက်နက်ငယ်များဖြင့် ရမ်းသမ်းပစ်ခတ်ခြင်းများကို ပြုလုပ်နေသည်။

## တိုက်တွန်းတောင်းဆိုချက်များ

**မွန်ပြည်နယ် လူ့အခွင့်အရေး ဖောင်ဒေးရှင်းက အောက်ပါတို့ကို ချက်ချင်း တောင်းဆိုလိုက်သည်။**

၁. မြန်မာနိုင်ငံတွင် ပကတိမြေပြင်၌ဖြစ်ပွားနေသည့် အဖြစ်အပျက်ကိစ္စရပ်များကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက အပြည်ပြည်ဆိုင်ရာဇရာဝတ်မှုခုံရုံးသို့ လွှဲပြောင်းပေးရမည်။

၂. ကမ္ဘာ့ခေါင်းဆောင်များ၏ တိကျခိုင်မာသော ပူးပေါင်းဆောင်ရွက်မှုဖြင့် အကြမ်းဖက်လူသတ်စစ်ကောင်စီ၏လက်ထဲသို့ လက်နက်များ စီးဝင်ရောက်ရှိခြင်းမရှိစေရန် လက်နက်ရောင်းဝယ်မှုတားမြစ်ချက်ကို ချက်ချင်းအတည်ပြုထောက်ခံရမည်။

၃. လေယာဉ်ဆီတင်သွင်းမှုကို တားမြစ်ခြင်းဖြင့် လေကြောင်းတိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်များ ကြီးကြီးမားမားဆုံးရှုံးနေမှုကို ရပ်တန့်စေရမည်။

၄. စစ်ကောင်စီ၏ အရာရှိများနှင့် ၎င်းတို့၏မိသားစုဝင်များကို ပစ်မှတ်ထားပိတ်ဆို့ပြီး ပြည်ပနိုင်ငံများတွင် အကျင့်ပျက်ခြစားသည့်စီးပွားရေးလုပ်ငန်းများ မလုပ်ကိုင်နိုင်စေရန် ၎င်းတို့၏ငွေကြေးနှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်မှုများကို ထိန်းချုပ်ရမည်။

၅. ထိခိုက်လွယ်သည့် အရပ်သားပြည်သူများကို အကာအကွယ်ပေးသည့်လုပ်ငန်းစဉ်ကို ပိုမိုအားကောင်းလာစေရန်လည်းကောင်း၊ (လိုအပ်ပါ) လုပ်ငန်းစဉ်အသစ်ပြန်လည်ချမှတ်ရန်လည်းကောင်း လုပ်ဆောင်ရမည်။ ထိုမှတဆင့် နစ်နာသူပြည်သူများက တရားမျှတမှုနှင့် တာဝန်ယူတာဝန်ခံမှုများကို ပြန်လည်ရရှိနိုင်ရမည်။

၆. မြေပြင်လိုအပ်ချက်များကို ကူညီထောက်ပံ့နေသည့် အဖွဲ့အစည်းများထံသို့ ဘဏ္ဍာရေးထောက်ပံ့မှုများကို ဆက်လက်ထောက်ပံ့ရန်နှင့် ပုံစံအသစ်ဖြင့် ထောက်ပံ့ရန် လုပ်ဆောင်ရမည်။ နယ်စပ်ဖြတ်ကျော်အကူအညီများကိုလည်း ဆက်လက်ပေးအပ်ထားရမည်ဖြစ်ပြီး လူသားချင်းစာနာထောက်ထားမှုအကူအညီများအားလုံးသည် ဒေသတွင်းအဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှုအောက်တွင်ရှိရမည်ဖြစ်သည်။

၇. နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုစီမံကိန်းများအနေဖြင့် လုပ်ငန်းများအားလုံးကို ချက်ချင်းရပ်တန့်ရမည်ဖြစ်ပြီး လေယာဉ်ကွင်း၊ သဘော်ာဆိပ်ကမ်းနှင့် ဘိလပ်မြေလုပ်ငန်းအပါအဝင် ၎င်းတို့၏ရင်းနှီးမြှုပ်နှံမှုများကို ချွင်းချက်မရှိ ပြန်လည်ရုပ်သိမ်းသွားရမည် ဖြစ်သည်။

၈. ညှဉ်းပန်းနှိပ်စက်မှုများကို ချက်ချင်းရပ်တန့်ရမည်ဖြစ်ပြီး ညှဉ်းပန်းနှိပ်စက်ခံရပြီး မတရားသေဆုံးခဲ့ရသူ အပြစ်မဲ့ပြည်သူများအတွက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရမည် ဖြစ်သည်။ ၎င်းပြင် ခန္ဓာကိုယ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ အတိဒုက္ခများကို ထိခိုက်ခံစားခဲ့ရသူများ၊ နာတာရှည်ထိခိုက်ဒဏ်ရာရရှိခဲ့သူများအတွက်လည်း စုံစမ်းစစ်ဆေးမှုကို စတင်လုပ်ဆောင်ရမည် ဖြစ်သည်။

# လစဉ်ခြုံငုံသုံးသပ်ချက်

## Monthly Overview

## မွန်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေများ

ဩဂုတ်လ ၂၀၂၄